www.free4readers.com

ဗုဒ္ဓ ဓမ္မ သံဃ

စနေနေ့တိုင်းထုတ်ဝေသည်

# သူရိယသတင်းစဉ်
# THE SUN RAYS

Vol.1 No.190 WEEKLY NEWS JOURNAL 10th March 2018

## ဘင်္ဂလားရဲ့ သံမဏိလက်သီးနဲ့ မြန်မာတို့ရဲ့ သံမဏိခြေထောက်

တောင်သမန်အင်းကောင်း




၃-၂-၂၀၁၈ နေ့က ပြုလုပ်ခဲ့သော မြန်မာ့တပ်မတော်(ကြည်း၊ ရေ၊ လေ)ပူးပေါင်းစစ်ဆင်ရေးလေ့ကျင့်မှုကို ပုသိမ်ခရိုင်၊ ရှောပြာ၊ ရွှေသောင်ယံကမ်းခြေတွင် ပြုလုပ်နေပုံကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မှန်ပြောင်းဖြင့် ကြည့်ရှုနေပုံ။

## ကောင်းကတုတ်ကျင်းတူးနေသည်

ဗုဒ္ဓ ဓမ္မ သံဃ

www.free4readers.com

စနေနေ့တိုင်းထုတ်ဝေသည်

# သူရိယနေဝန်း
# THE SUN RAYS

Vol.1 No.190 WEEKLY NEWS JOURNAL 10th March 2018

အခုချိန် ဘယ်သူကြောင့်ဆိုပြီး လက်ညှိုးထိုးနေလို့ကတော့

# အလယ်သား မြေခွေးစားတော့မယ်

မိုးတင့်ဆွေ (ရန်ကုန်တက္ကသိုလ်)



မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ နယ်ခြားစောင့် မြန်မာ့လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ကင်းစောင့်နေပုံ။

# စစ်ကြောင့်ပေါ်လာတာ သင်္ချိုင်းပဲရှိတယ်

www.free4readers.com

# ကတော့ အလယ်သား မြေခွေးစားတော့မယ်

မိုးတင့်ဆွေ (ရန်ကုန်တက္ကသိုလ်)



ဘာတွေဆွေးနွေးကြမှာလဲဆိုတာကို မြန်မာတွေအနေနဲ့ သွားနားထောင်ဖို့ အလွတ်သဘောတက်ရောက်ဖို့ စီစဉ်ခဲ့တာ။ ဒါကို ပွဲတက်ရောက်ဖို့ ဂျာမနီကို မြန်မာအဖွဲ့ သွားမယ့်နေ့မှာပဲ ထိုင်ခုံနေရာ မရှိတော့ဘူးဆိုပြီး တက်ရောက်ခွင့်ကို ပယ်ချခဲ့ကြတယ်။

မြန်မာနိုင်ငံရဲ့ မကောင်းကြောင်း မဟုတ်မမှန်သတင်းတွေကို မြန်မာတွေမပါဘဲ စိတ်တိုင်းကျ ဝိုင်းအပုပ်ချကြမယ်ဆိုတဲ့ သဘောပေါ့။ အခု R2P ပဲ လုပ်ရတော့မယ်လို့ဆိုပြီး သတင်းထွက်လာတယ်။

မြန်မာနိုင်ငံအနေနဲ့ စိုးရိမ်ဖွယ်စိန်ခေါ်မှုများနဲ့ရင်ဆိုင်နေရပြီး နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ ချိတ်ဆက်ဆောင်ရွက်မှုကို ပိုမိုအားကောင်းလာအောင် လုပ်ဆောင်ရန် လိုအပ်နေကြောင်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က ဖေဖော်ဝါရီလ ၂၆ ရက်နေ့က နေပြည်တော် MICC - 2 ခန်းမမှာ ပြောကြားခဲ့ပါတယ်။

MICC - 2 ခန်းမမှာ နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်က အလှူရှင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပပုဂ္ဂလိကအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံဝန်ကြီးများတက်ရောက်တဲ့ပွဲမှာ ပြောခဲ့တာပါ ။

**'မြန်မာနိုင်ငံအနေနဲ့ အခုအချိန်မှာ စိုးရိမ်ပူပန်စရာကောင်းတဲ့ စိန်ခေါ်မှုများစွာကိုရင်ဆိုင် နေရတယ်ဆိုတာ ငြင်းလို့မရပါဘူး။ ဒီလိုစိန်ခေါ်မှုတွေဟာ စိုးရိမ်စရာအခြေအနေဖြစ်လာလေလေ နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ချိတ်ဆက်ဆောင်ရွက်မှုကို လေးနက်အားကောင်းအောင်လုပ်ဖို့ ပိုပြီး လိုအပ်လာလေလေ ဖြစ်ပါတယ်'**လို့ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံဘက်ပေါင်းစုံကနေ တိုက်ခိုက်တာကို ခံနေရတယ်။ တစ်ဖက်သတ်တိုက်ခိုက်တာကို ခံနေရတယ်။ ဒီလိုအချိန်မှာ ရန်သူမိတ်ဆွေ ကွဲဖို့ လိုလာပါပြီ။ အမေရိကန်နဲ့ ဗြိတိန်နိုင်ငံတို့က အခုအချိန်မှာ မြန်မာနိုင်ငံရဲ့ မိတ်ဆွေစစ်နိုင်ငံ မဟုတ်တော့ဘူးဆိုတာကို လုံးဝလက်ခံရပါတော့မယ်။

**နိုင်ငံရေးမှာ ထာဝရ မိတ်ဆွေ၊ ထာဝရ ရန်သူဆိုတာမရှိဘူးလို့ ဆိုတယ်၊ တစ်ချိန်က မိတ်ဆွေတွေအဖြစ်ရပ်တည်ပေးခဲ့ကြတဲ့ အမေရိကန်နဲ့ဗြိတိန် နိုင်ငံတို့ဟာ သဘောထားမမှန်တတ်တဲ့ နိုင်ငံတွေအနေနဲ့ အခုအခါ သတ်မှတ်ရမယ့်နိုင်ငံစာရင်းသွင်း ထားရပါမယ်။**

ဒါကလည်း သူ့နိုင်ငံရဲ့နိုင်ငံရေးစနစ်ကြောင့်ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံမှာ ဒီမိုကရက်တစ်အစိုးရသမ္မတအိုဘားမားလက်ထက်မှာ တစ်မျိုးဆက်ဆံပြီး ရီပတ်ဘလီကင်အစိုးရသမ္မတထရမ့်လက်ထက်မှာ တစ်မျိုးဆက်ဆံတာ နောင်လည်း ဖြစ်နေဦးမယ့်အနေအထားတွေဖြစ်လို့ အမေရိကန်၊ ဗြိတိန်တို့ကို ထာဝရမိတ်ဆွေနိုင်ငံတွေစာရင်း ဘယ်တော့မှမသွင်းထားတာ အကောင်းဆုံးပဲ။

ဒါကြောင့် သဘောထားပြောင်းလဲမှု နည်းတတ်တဲ့ ရုရှား၊ အိန္ဒိယ၊ တရုတ် အစရှိတဲ့ နိုင်ငံတွေနဲ့သာ ရေရှည်ဆက်ဆံဖို့ မြန်မာနိုင်ငံ မူဝါဒချမှတ်ရမည်သာ ဖြစ်ပါတယ်။

အခု ဂျာမနီမှာ မြန်မာနိုင်ငံအကြောင်း လုပ်ကြံပြောဆိုကြမယ့်ကိစ္စ မြန်မာနိုင်ငံကို ပါဝင်ခွင့်မပေးရင် တရားမဝင်ဘူးလို့ပဲ သတ်မှတ်လို့ရတယ်။ ဒီလိုပဲ မြန်မာနိုင်ငံကလည်း တရုတ်၊ ရုရှားတို့ကို ဖိတ်ခေါ်ပြီး တန်ပြန်ဘင်္ဂါလီကိစ္စကို ဆောင်ရွက်ရပါလိမ့်မယ်။

ဒီနေရာမှာ တစ်ခုသိလိုပြောလိုတာ ရှိတယ်၊ အဲဒါက အခု မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး အနောက်နိုင်ငံတွေ အထူးသဖြင့် အင်္ဂလန်၊ ဂျာမနီတို့လို ဥရောပနိုင်ငံတွေက မြန်မာနိုင်ငံကို ရုပ်ပျက်ဆင်းပျက် တစ်ဖက်သတ်အနိုင်ကျင့်မတရားပြောဆိုစွပ်စွဲနေတာကို မြန်မာတာဝန်ရှိအစိုးရအဖွဲ့က ဘယ်လိုလက်ခံထားသလဲ ဆိုတာပဲ။

ပွင့်ပွင့်လင်းလင်းပဲပြောတတ်လို့ တည့်တည့်ပဲမေးပါမယ်။ အခု R2P (Responsibility to Protect) တို့၊ No man's land (ဘယ်နိုင်ငံမှမဆိုင်တဲ့မြေ)တို့၊ ICC (နိုင်ငံတကာရာဇဝတ်ခုံရုံး) တို့ အစရှိတဲ့ကိစ္စတွေနဲ့ မြန်မာနိုင်ငံရဲ့အချုပ်အခြာအာဏာကို သွေးတိုးစမ်းစော်ကားနေကြတာ ဘယ်လိုတုံ့ပြန်ကြမှာလဲဆိုတာကိုသချာသိချင်တယ်။

နိုင်ငံတော်အတိုင်ပင်ခံကတော့ သူ့သဘောထားကို MICC - 2မှာ ပြောခဲ့တယ်လို့ထင်တယ်။ စိုးရိမ်ဖွယ်အခြေအနေအထိ ဖြစ်နေတယ်လို့၊ ကျန်တဲ့သူတွေကကော ဘယ်လိုပါလဲ။

ကိုယ့်အိမ်ထဲမှာ ဘာဖြစ်ဖြစ် ပြီးမှ ကိုယ့်ဖာသာ ကိုယ်ရှင်းမယ်။ သီပေါမင်းကို လာခေါ်သွားသလို မြင်းကွင်းတိုများ မျှော်လင့်နေတဲ့သူတွေရှိနေသေးလား မေးကြည့်ချင်ပါတယ်။

အခုဂျာမနီမှာ မြန်မာတွေတက်ခွင့်မပေးတဲ့ အစည်းအဝေးမှာ R2Pမှ တစ်ပါး တစ်ခြားလုပ်စရာ မရှိဘူးလို့ အဖြေထုတ်လိုက်တာ ချက်(Chess)စကားနဲ့ ဆက်ပြောရရင် အစဉ်အတိုင်း ရွှေ့နေကြတာ၊ ဒါကို စနစ်တကျပြန်မခုခံရင် မတွေးနိုင်လောက်အောင် ဖြစ်လာလိမ့်မယ်။

R2P ဖြစ်လာရင် မြန်မာနိုင်ငံရဲ့အခြေခံဥပဒေအရ နိုင်ငံခြားတပ်တွေကို လက်မခံရလို့ စစ်ဖြစ်ရမယ်၊ စစ်ဖြစ်ဖို့ သမ္မတက R2P လုပ်မယ့် ရခိုင်ဒေသကိုပဲ ကွက်ပြီး အရေးပေါ်အခြေအနေ ကြေညာမလား၊ တစ်နိုင်ငံလုံးကို အရေးပေါ်အခြေအနေ ကြေညာမလား တွေးရတော့မယ်၊

အခုလူတွေအပြင်မှာ ပြောနေကြသလို ဟိုလူကို ထိုးတွေးလိုက်မယ်၊ ဒီလူကို ချတွေးလိုက်မယ်လို့ ခပ်တိမ်တိမ်တွေ တွေးနေရမယ့်အချိန်မဟုတ်ဘူး။

အခုအချိန်အထိ တိုက်ခိုက်ချင်ကြတဲ့ လော်ဘီတွေက သူများကို အပြစ်ပုံချကြတုန်း။ R2P နောက်ဆက်တွဲတွေကို သိပါသလားလို့ မေးလိုတယ်၊ R2P ကိုကြိုက်ရင် စစ်အုပ်ချုပ်ရေးပြန်လာလိမ့်မယ်။

ဒီအချိန်မှာ ဘယ်သူ့ကိုမှ အပြစ်တင်နေလို့ မရသလို R2P ကို လက်ခံလို့ မရဘူး။ R2P ဖြစ်မှာကို ကြိုက်နေရင် ကြိုက်နေတဲ့သူ၊ ကြိုက်နေတဲ့အဖွဲ့က ဘယ်ဘက်ကဖြစ်ဖြစ် မြန်မာနိုင်ငံရဲ့ရန်သူပဲ၊ သစ္စာဖောက်ပဲ။ မြန်မာနိုင်ငံကို ဖဲ့ထုတ်ပေးမယ့်သူတွေပဲ။

ကျွန်တော် ဒေါက်တာ ဖြစ်ချင်ခဲ့ဖူးတယ်၊ ဒေါက်တာဆိုတာ ဆရာဝန်ကို ပြောတာ မဟုတ်ဘူး။ ဒါကြောင့် International Human Right Law (နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာဥပဒေပညာရပ်)ဆိုတဲ့ Online Course ကို edX university မှာ တက်နေပြီး Manchester မန်ချက်စတာမြို့က Stamford စတန့်ဖို့ဒ်တက္ကသိုလ်မှာ Environment and Human Resource (သဘာဝပတ်ဝန်းကျင်နဲ့လူသားအရင်းအမြစ်)ဆိုတဲ့ သင်တန်းကို MSc မဟာသိပ္ပံဘွဲ့ယူဖို့ လေ့လာနေခဲ့တယ်။

သင်တန်းစတာနဲ့ Human right law မှာ မြန်မာနိုင်ငံက ရိုဟင်ဂျာတွေအရေး ဆွေးနွေးဖို့ဆိုပါလာတယ်၊ ကိုယ်တချက်ချင်း**'မြန်မာနိုင်ငံမှာ အဲဒီလူမျိုးမရှိဘူး'**ဆိုပြီး ရိုဟင်ဂျာဆိုတဲ့စကားလုံးကိုတောင် ဘာသာပြန်ပေးပြီး သေချာရှင်းပြခဲ့တယ်၊ ဗင်နီဇွဲလားက အဲ့ဒီပြဿနာကိုလေ့လာနေပါတယ်ဆိုတဲ့သူကတောင် အတူအညီတောင်းလာတယ်။

ဒါပေမဲ့ သူတို့က အတင်းအဓိပ္ပာယ်မရှိတာတွေပဲပြောနေလို့ **'မင်းတို့ ဆော်ဒီနိုင်ငံက ယီမင်ပြည်မှာ ဗုံးကြဲနေတာတွေ၊ ဆော်ဒီက အမျိုးသမီးတွေရဲ့အခွင့်အရေးတွေ၊ ဗွတ်ဆလင်မိန်းမတွေရဲ့ လူနေမှုစတိုင်တွေကို ဘာလို့ မဆွေးနွေးတာလဲ'** လို့ ပြောတော့ ကိုယ့်ကိုပြန် မပြောကြတော့ဘူး။

သူတို့ပေးတဲ့ ဒေါက်တာဆိုတာ ပေးချင်တဲ့သူကို ပေးနေသလိုပဲ။ အားလုံးကို ပြောတာတော့ မဟုတ်ပါဘူး။ သူတို့ပြောတာ လိုက်နာမယ့်သူကိုပဲ လက်ခံဆွေးနွေးနေကြတာပဲ။ သူတို့ကြိုက်တာလုပ်ပေးတဲ့သူကို ပေးနေတာပဲလို့ အခုဘင်္ဂါလီကိစ္စမှာ ဒေါက်တာဘွဲ့ရထားတဲ့ ဘင်္ဂါလီအရေးလိုက်လုပ်နေတဲ့ နိုင်ငံတကာကသူတွေကို ကြည့်ပြီး လေ့လာမိတယ်၊

ဒေါက်တာဘွဲ့လည်း မရရင်နေပါစေတော့၊ ဝါးစားလို့ရတာလည်း မဟုတ်ဘူး။

လူသားချင်း စာနာပါတယ်။ တစ်ဖက်သတ်တော့ လက်မခံချင်ဘူး၊

အခု မြန်မာနိုင်ငံလမ်းဆုံလမ်းခွရောက်နေပြီ၊ အစိုးရကော ပြည်သူကော အားလုံးဘယ်လမ်းမွှေမှာလဲ ပြတ်သားရတော့မယ်။ တစ်ဖက်က ပြတ်ပြတ်သားသား တိုက်စစ်ပြလိုက်ပြီ၊ သဘောတ ချက်လိုက်ပြီ ဘယ်လိုပြန်ရှင်းကြမလဲ။

**သေချာတာတစ်ခုက အခုအချိန် လက်ညှိုးထိုးနေလို့ကတော့ အလယ်သားမြေခွေးစားသွားပြီလို့သာ မှတ်ပေတော့ပဲ၊ မြန်မာနိုင်ငံက ပြည်တွင်းစစ်နဲ့ တစ်ချိန်လုံး နပန်းလုံးနေရတာ ပြည်ပစစ်ပါ ဖြစ်မယ်ဆိုရင် နာလန်ထူတော့မှာ မဟုတ်ဘူး။**

စစ်ကြောင့် ပေါ်လာတယ်ဆိုတာ သချိုင်းပဲ ရှိတယ်တဲ့။

မိုးတင့်ဆွေ (ရန်ကုန်တက္ကသိုလ်)
၂၈၊ ၂၊ ၂၀၁၈

Credit to : ကျွန်တော်ရေးသောဆောင်းပါးများ
မိုးတင့် ရန်ကုန်တက္ကသိုလ်

www.free4readers.com

# The Sun Rays Vol(1), No.(184)(27-1-2018)နေ့ထုတ်ပါကိုငွေး(နတ်မောက်)၏ "၁၀တန်း ရူပဗေဒစာစောင်ကို ဝေဖန်ခြင်း" ဆောင်းပါးကို ပြန်လည်ရှင်းလင်းခြင်း

## ဒေါက်တာချစ်ရွှေ

MYANMAR PHYSICS ASSOCIATION
မြန်မာနိုင်ငံရူပဗေဒအသင်း

(ဝေဖန်ခြင်းကို အပြစ်ရှာခြင်းဟုမယူဆပါ။ အပြုသဘောနှင့်ဝေဖန်ခြင်းသည် ကောင်းသောအကြံပြုချက် ပင်ဖြစ်ပါသည်။)

ကျွန်တော်ဒေါက်တာချစ်ရွှေသည် အငြိမ်းစားရူပဗေဒပါမောက္ခတစ်ဦးဖြစ်ပါသည်။ ဦးငွေး(နတ်မောက်)ရေးသားသော ဆောင်းပါးတွင် ဖော်ပြထားသည့် ရူပဗေဒစာစောင်တွင် ခေတ်သစ်ရူပဗေဒ(Modern Physics) အပိုင်းအတွက် ရေးသားထားပါသည်။ ကျွန်တော်သည်သူတစ်ပါးကို ဝေဖန်လေ့မရှိပါ။ မိမိအားဝေဖန်သည်ကို လည်း တုံ့ပြန်မှုမပြုပါ။ ယခုဦးငွေးကို တုံ့ပြန်ခြင်းမဟုတ်၊ ဖြေရှင်းခြင်းမဟုတ်၊ ပြန်လည်ရှင်းလင်းခြင်းပင်ဖြစ်ပါသည်။

ကျွန်တော်၏အမြင်တွင် ဦးငွေးသည် ရူပဗေဒစာစောင်တွင် ပါရှိသော မပြောပလောက်သည့်အချက်တစ် ချက်နှစ်ချက်ကို ထောက်ပြပြီးစာအုပ်တစ်အုပ်လုံး သုံးမရလေဟန် ရေးသားထားပါသည်။ ထို့ပြင် ဤရူပဗေဒစာစောင်ကိုရေးသားသူများသည်ရူပဗေဒပညာရပ်အခြေခံမရှိသော ပုဂ္ဂိုလ်များသဖွယ် ဖော်ညွှန်းထားသည်ကို ဘဝမကျ၍ ပြန်လည်ရှင်းလင်းပါသည်။

ဦးစွာယေဘုယျပြောလိုပါသည်။ စာအုပ်တစ်အုပ်ကို ထုတ်ဝေခြင်း၊ အထူးသဖြင့် ဘာသာရပ်ဆိုင်ရာ စာအုပ်တစ်အုပ်ကို ထုတ်ဝေခြင်းသည် ဖတ်ရှုသူအတွက် အကျိုးရှိရန် ရည်ရွယ်ပါသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံရူပဗေဒအသင်းမှ ဤစာအုပ်ထုတ်ဝေခြင်းသည် အမြတ်ငွေအတွက်မဟုတ်ပါ။ ကျွန်တော်တို့ အသင်းကြီးသည် ရူပဗေဒပညာရပ်ပြန့်ပွားရေးကိုဦးတည်ပါသည်။ နိုင်ငံအကျိုးပြုရူပဗေဒပညာရှင်များ မွေးထုတ်ရန်ရည်ရွယ်ပါသည်။ နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါသည်။ ထူးချွန်ကျောင်းသား/သူများကို အားပေးချီးမြှင့် ဂုဏ်ပြုရန်ရည်ရွယ်ပါသည်။ ဆရာကြီး၊ ဆရာမကြီးများ ပြုစုသော ဘာသာရပ်ဆိုင်ရာစာပေများကို ထုတ်ဝေဖြန့်ဖြူးရန် ရည်ရွယ်ပါသည်။ မြန်မာ နိုင်ငံ ရူပဗေဒအသင်းသည် အသင်းသားများ၏ ထည့်ဝင်ငွေ၊ အသင်းအပေါ်တွင် သံယောဇဉ်ကြီးမားသည့် အသင်းဥက္ကဋ္ဌကြီး၏ မ,တည်လှူဒါန်းငွေ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ၏ လှူဒါန်းငွေများပေါ်တွင်ရပ်တည်ပါသည်။ အခြားစီးပွားရေးလုပ်ငန်းများ မရှိပါ။ ငွေဖန်၊ ခွင်ဖန်လုပ်ငန်းများလည်းအလျင်းမရှိပါ။

ယခုဦးငွေး၏ ထောက်ပြချက်များကို ရှင်းလင်းပါမည်။ ဦးစွာပညာရပ်ဆိုင်ရာ ဘာသာရပ်ဆိုင်ရာကိစ္စများကို တိုတိုနှင့်လိုရင်းရှင်းပြပါမည်။

(၁)အမှတ်ပေးစည်းမျဉ်းဆိုသည်မှာ တစ်နှစ်နှင့်တစ်နှစ် လုံးဝဥသုံမတူသော်လည်း ယေဘုယျတူညီသည်ဟု ဆိုလျှင်မမှားပါ။ အမှတ်ပေးစည်းမျဉ်းအတိုင်း မဟုတ်သည့်တိုင် တွက်ချက်ဖြေဆိုမှုများသည် မှန်ကန်မည်၊ ရူပဗေဒဘာသာရပ်နှင့် ကိုက်ညီမည်ဆိုပါက အမှတ်ပြည့်ပေးပါသည်။ ဦးငွေးနှင့်တကွ ရူပဗေဒဆရာ၊ ဆရာမ များ၊ ရူပဗေဒအဖြေလွှာစစ်ဆေးဖူးသူအားလုံး သိပါသည်။ ဤသည်ကိုမျက်ကွယ်ပြု၍ "ဆရာကြီးနှစ်ဦး၏ တွက်နည်းနှင့်မတူလျှင် အမှတ်မရတော့ဘူးလား၊ မဖြစ်သင့်ပါ"ဟုမရေးသင့်ပါ။

(၂)ဦးငွေးပုံကြီးချဲ့၍ ထောက်ပြထားသည်မှာ စာမျက်နှာ(160)မှ E-8 ပုစ္ဆာ၊ စာမျက်နှာ(161)မှ P-27, P-28ပုစ္ဆာတို့ပင်ဖြစ်ပါသည်။ ဤပုစ္ဆာသုံးပုဒ်လုံးသည် အတူတူပင်ဖြစ်ပါသည်။ စက်ကွင်းပြင်းအားသုညဖြစ်သော အမှတ်ကိုရှာခိုင်းခြင်းပင်ဖြစ်ပါသည်။ ဦးငွေးက $E_1 = E_2$ ညီမျှခြင်းရှေ့တွင် since $\bar{E} = 0$ ဟု ရေးသင့်ကြောင်း ပြောပါသည်။ မှန်ကန်ပါသည်။ သို့သော် ပုစ္ဆာ၏အစတွင် Let $\bar{E} = 0$ at P ဟု ရေးထားသည်ကို ဦးငွေးသတိပြုမိမည်ထင်ပါသည်။ ထပ်မံမရေးသည့် အတွက် လုံးဝမှားသည်ဟုမဆိုနိုင်ပါ။ ဦးငွေးက "ဤသို့မရေးသည့် အတွက်ထိုနေရာမှစ၍ အမှတ်ပေး၍မရတော့ပါ"ဟုဆိုခြင်းသည် လုံးဝမှားသွားပါသည်။ ရသင့်ရထိုက်သော အမှတ်အပြည့်ပေးပါသည်။ ရူပဗေဒဆရာ၊ ဆရာမများ အားလုံးသိပါသည်။

(၃)စာမျက်နှာ (110)နှင့် (116)တို့တွင်ရှိလွဲမှားသော အလင်းတန်းပုံဟု ရေးသားချက်ကိုရှင်းပြလိုပါသည်။ ပုံရိပ်ယောင်များကို အစက်မျဉ်းနှင့်ဆွဲပြီး အလင်းတန်းအစစ်အမှန်မဟုတ်သော လမ်းကြောင်းများကိုလည်း အစက်မျဉ်းနှင့်ဆွဲရမည်ဟု သတ်မှတ်ချက်ရှိပါသည်။ စာမျက်နှာ(110)ရှိပုံတွင် ပုံရိပ်ယောင်ကို အစက်မျဉ်းနှင့် ဆွဲထားသော်လည်း ပုံမှာသေးငယ်လွန်းသည့်အတွက် တစ်ဆက်တည်းမျဉ်းဟု ထင်နေရခြင်းဖြစ်ပါသည်။ စာမျက်နှာ(116)ရှိပုံတွင် O' မှ P သို့ အလင်းတန်းသည် အစက်မျဉ်းဖြစ်နေသည်ကို ထောက်ပြသည်ဟုထင်ပါသည်။ ပုံပေါင်းများစွာကို Computerနှင့်ဆွဲရာတွင် မထင်မှတ်သော ချို့ယွင်းချက်တစ်ခုတစ်လေရှိနိုင်ပါသည်။ ဤရူပဗေဒစာစောင်တွင် အလင်းတန်းပုံ(60)ခန့်ရှိပါသည်။ ကျွန်တော်၏အမြင်တွင် အပြစ်ရှာမည်ဆိုပါက မဆိုစလောက်အပြစ်ဟူ၍ ဤပုံတစ်ပုံသာရှိသည်ဟု ယူဆပါသည်။ ဤသည်ကိုလည်း ဖတ်ရှုသူဆရာ၊ ဆရာ မများသာမက ကျောင်းသား/သူများပါ နားလည်နိုင်မည်ဟုယူဆပါသည်။ ဦးငွေးနောက်ထပ်ဖော်ပြသောအလင်းတန်းပုံများသည် ကျွန်တော်တို့၏ရူပဗေဒစာစောင်နှင့် မသက်ဆိုင်၍ရှင်းပြစရာမလိုပါ။

(၄)Optical instrument အခန်းကိုတက္ကသိုလ်ပါမောက္ခတို့ကိုယ်တိုင်စမ်းတစ်ဝါးဝါးဖြစ်နေ၍ ၂၀၀၈ခုနှစ် တွင်တစ်ခန်းလုံး ဖြုတ်ပယ်လိုက်သည်ဟု ရေးသားထားခြင်းမှာ လုံးဝမှားပါသည်။ ကျွန်တော်တို့သင်ရိုးညွှန်း တမ်းသည် မကြာမီ Grade -12 အထိ ရှိပါတော့မည်။ သင်ရိုးများပြင်ဆင်ဖြည့်စွက်ရမည်ဖြစ်ပါ၍ ခေတ္တချန်လှပ်ခဲ့ခြင်းဖြစ်ပါသည်။ Grade-11 ကျောင်းသား/သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်ရန်လည်း ရည်ရွယ်ပါသည်။ သင်ရိုးသစ်တွင် ပါဝင်လာမည်ကို စောင့်ကြည့်ပါခင်ဗျာ။

ယခုဆက်လက်၍ ယေဘုယျကိစ္စရပ်များကို ရှင်းလင်းပါမည်။

(၅)ဆရာကြီးဒေါက်တာတင်အောင်က အမှာစာဟု ခေါင်းစဉ်မတပ်ဘဲ "ကြိုဆိုဂုဏ်ပြုပါသည်"ဟု ရေးသားထားခြင်းကို ဦးငွေးကထောက်ပြထားပါသည်။ ကျွန်တော်တို့ဘက်မှ ဤသို့ရေးသားခြင်းကို လုံးဝ အပြစ်မမြင်ပါ။ မှားယွင်းသည်ဟုလည်း မယူဆပါ။ ကျွန်တော်တို့ကြည်ညိုလေးစားသော ကျွန်တော်တို့၏ရူပဗေဒဖခင်ဆရာကြီးများကြိုက်တာရေး၊ ကြိုက်သလိုရေး၊ ကျွန်တော်တို့က ထာဝရကြိုဆိုပါသည်။

(၆) ဦးငွေး၏ ဆောင်းပါးတွင် မြန်မာနိုင်ငံတက္ကသိုလ်များနှင့် နိုင်ငံခြားတက္ကသိုလ်များမှ မဟာသိပ္ပံဘွဲ့၊ ပါရဂူဘွဲ့ရရူပဗေဒဆရာ၊ ဆရာမများအပေါ်တွင် ဘဝင်မကျ၊ အားရကျေနပ်မှုမရှိကြောင်း ပေါ်လွင်နေပါသည်။ ဤသည်မှာ ဦးငွေး၏ပုဂ္ဂလိကခံစားချက်ပင်ဖြစ်၍ ကျွန်တော့်အနေဖြင့် ရှင်းပြရန်မရှိပါ။ သို့သော် ဤသို့သော ပုဂ္ဂလိကခံစားချက်ကို လူအများဖတ်ရှုသည့်စာစောင်တွင် ရေးသားဖော်ပြခြင်းသည် မြန်မာနိုင်ငံ၏ပညာရေးပုံရိပ်၊ သက်ဆိုင်ရာတက္ကသိုလ်များနှင့် ပညာရှင်များ၏ပုံရိပ်ကို အနည်းနှင့်အများ ထိခိုက်စေသည် ဟုယူဆပါသည်။

နိဂုံးချုပ်အားဖြင့် ဦးငွေး၏ ဝေဖန်ချက်များကို အပြစ်မမြင်ပါ။ ဖြေရှင်းခြင်းလည်းမဟုတ်ပါ။ မြန်မာနိုင်ငံ ရူပဗေဒအသင်းဝင်တစ်ဦးအနေနှင့် လုပ်သင့်လုပ်ထိုက်သည်ထင်၍ ရှင်းပြခြင်းဖြစ်ပါသည်။ အပြုသဘောနှင့် ဝေဖန်မှုများကို ထာဝရကြိုဆိုလျက်ရှိပါသည်။

ဒေါက်တာချစ်ရွှေ

## နိုဘယ်လ်နဲ့ ငြိမ်းချမ်းရေး

အောင်မြင့် (ချင်းတွင်း)

- အဲဖရက်နိုဘယ်လ်
  လူ့ပြည်အလည်ရောက်
  ကမ္ဘာကြီးပေါ် သူလျှောက်ကြည့်တယ်။

- သူရောက်တဲ့နိုင်ငံတွေတိုင်းမှာ
  ခေတ်အစားဆုံးကိုမှ စိတ်ဝင်စား
  အရသာခံကာ မြည်းသွားတတ်တယ်။

- မြန်မာနိုင်ငံကို သူရောက်လာခိုက်
  ခေတ်အစားဆုံးကိုမှာဖို့ ဆုံးဖြတ်လိုက်ကာ
  "ငြိမ်းချမ်းရေးတစ်ပွဲပေးဗျာ"
  " အို မိတ်ဆွေ ဒီမှာ ငြိမ်းချမ်းရေးမရဘူးလေ"
  နိုဘယ်လ်ထပ်ပြီး စဉ်းစားတယ်။
  " ဒါဆိုလည်း စစ်တစ်ပွဲပေးဗျာ"
  သူ့စကားမဆုံးခင်
  ကျည်ဆန်က သူ့နားထင်ဖောက်ဝင်သွားလေရဲ့။

အောင်မြင့် (ချင်းတွင်း)

## အာဃာတ သဏ္ဍာန

မောင်ခင်မိုး(ချောက်)

- "ကဗျာတစ်ပုဒ်က
  ဉာဏ်ပူဇော်ခ ဘယ်လောက်ရ . . ."

- "မများပေါင်
  ငါးထောင်တည်းပါဗျာ"

- "ဒီလောက်ပဲလား
  နည်းတာပေါ့နော်"

- "နည်းနည်းယူပြီး
  အများကြီးပေးတတ်ကြတာ
  ကဗျာဆရာတွေပေါ့ဗျာ"။ ။

မောင်ခင်မိုး(ချောက်)

www.free4readers.com





# နိုင်ငံတကာရာဇဝတ်တရားရုံး အိုင်စီစီ ICC နှင့် ရောမစာချုပ်

ရဲကျော်စွာ

နိုင်ငံတကာရာဇဝတ်တရားရုံး အိုင်စီစီ (ICC-International Criminal Court)ကို၁၉၉၈ခုနှစ်တွင်အတည်ပြုခဲ့သော ရောမစာချုပ် (Rome Statute)ဖြင့် တည်ထောင်ထားခြင်းဖြစ်သည်။ ရောမစာချုပ်အား နိုင်ငံတကာရာဇဝတ်တရားရုံးစာချုပ်(International Criminal Court Statute) ဟုလည်းကောင်း၊ နိုင်ငံတကာရာဇဝတ်တရားရုံးဆိုင်ရာ ရောမစာချုပ် (Rome Statute of the International Criminal Court) ဟုလည်းကောင်းရည်ညွှန်းခေါ်ဆိုကြသည်။ ရောမစာချုပ်တွင်နိုင်ငံတကာရာဇဝတ်တရားရုံးအိုင်စီစီ၏ဖွဲ့စည်းတည်ဆောက်မှုပုံစံ၊လုပ်ငန်းဆောင်တာများနှင့်တရားစီရင်စစ်ဆေးခြင်းအားပြဋ္ဌာန်းပေးထားသည်။

**ရောမစာချုပ်၏သမိုင်းကြောင်း**

၁၉၉၈ခုနှစ် ဇွန်လ၌ နိုင်ငံတကာရာဇဝတ်တရားရုံးတစ်ခုထူထောင်ဖွဲ့စည်းခြင်းဆိုင်ရာကွန်ဗင်းရှင်းတစ်ရပ်အားအပြီးသတ်အတည်ပြုနိုင်စေရန်ရည်ရွယ်ချက်ဖြင့် ရက်သတ္တပတ်ငါးပတ်ကြာကွန်ဖရင့်တစ်ခုအား အီတလီနိုင်ငံရောမမြို့တွင် ကုလသမဂ္ဂအထွေထွေညီလာခံက စည်းဝေးကျင်းပခဲ့သည်။

၁၉၉၈ခုနှစ် ဇူလိုင်လ(၁၇)ရက်နေ့၌ ရောမစာချုပ်အား မဲခွဲအတည်ပြုခဲ့သည်။ ရောမစာချုပ်အား ခုနစ် နိုင်ငံက ကန့်ကွက်မဲပေးခဲ့ပြီး (၂၁)နိုင်ငံကမဲမပေးဘဲနေခဲ့သည်။ နောက်ပိုင်းတွင်ရောမစာချုပ်အားပြန်လည် ဆန့်ကျင်လာသောနိုင်ငံများနှင့် ပြန်လည်နုတ်ထွက်သောနိုင်ငံများ တဖြည်းဖြည်းတိုးပွားလာခဲ့သည်။အမေရိကန်ပြည်ထောင်စု၊အစ္စရေး၊ဆော်ဒီအာရေဗီးယား၊တရုတ်ပြည်သူ့သမ္မတနိုင်ငံများကကန့်ကွက်ခဲ့ကြသည်။

နောက်ပိုင်းတွင်လည်း ရုရှားပြည်ထောင်စု၊ အိန္ဒိယနှင့်အင်ဒိုနီးရှားနိုင်ငံများသည်လည်း ရောမစာချုပ်ကို ကန့်ကွက်နေခဲ့ကြသည်။

၂၀၀၂ခုနှစ် ဇူလိုင်လ(၁)ရက်နေ့ကျမှသာ ရောမစာချုပ်စတင်အသက်ဝင်လာခဲ့သည်။ နောက်ပိုင်းတွင် ရောမစာချုပ်အား ပြင်ဆင်ပြောင်းလဲမှုများဖြည့်စွက်ခဲ့သေးသော်လည်း ပြင်ဆင်ပြောင်းလဲမှုများသည် ယခုတိုင် အာဏာမတည်သေးပေ။

**ရောမစာချုပ်၏ အကန့်အသတ်များ**

ရောမစာချုပ်အရ နိုင်ငံတကာရာဇဝတ်တရားရုံး(ICC)သည် လူပုဂ္ဂိုလ်တစ်ဦးချင်းကိုသာလျှင် အမှုဖွင့် တရားစွဲဆိုနိုင်သည်။ နိုင်ငံများနှင့်အဖွဲ့အစည်းများကို အမှုဖွင့်တရားစွဲဆိုနိုင်ခွင့်မရှိပေ။

နိုင်ငံတကာရာဇဝတ်တရားရုံးအိုင်စီစီသည် ရာဇဝတ်မှုလေးရပ်ကိုသာ အမှုဖွင့်တရားစွဲဆိုနိုင်သည်။ ယင်းတို့မှာ လူမျိုးဖြုတ်သတ်ဖြတ်မှု (Geno -cide)၊ လူသားဆန့်ကျင်ရေးရာဇဝတ်မှုများ (Crimes Against Humanity)၊ စစ်ရာဇဝတ်မှုများ (War Crimes)နှင့် ကျူးကျော်ရန်စတိုက်ခိုက်မှု(Aggression)များအတွက်သာလျှင်ဖြစ်သည်။ အခြားသော ရာဇဝတ်မှုများအတွက် တရားစွဲဆိုအမှုဖွင့်နိုင်ခြင်းမရှိပေ။

အိုင်စီစီက တရားဝင်အမှုဖွင့်တရားစွဲဆိုစစ်ဆေးနိုင်ရန် အချက်သုံးချက်နှင့် ပြည့်စုံရန် လိုအပ်နေသည်။ ယင်းတို့မှာ

၁။အဖွဲ့ဝင်နိုင်ငံတစ်ခု၏ ပိုင်နက်နယ်မြေအတွင်း ဖြစ်ပွားခဲ့သော မှုခင်းဖြစ်ရမည်။

၂။အဖွဲ့ဝင်နိုင်ငံတစ်ခု၏နိုင်ငံသားတစ်ယောက်က ကျူးလွန်ခဲ့သော မှုခင်းဖြစ်ရမည်။

၃။ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အမှုဖွင့်တရာစွဲဆိုရန် တရားစွဲအရာရှိထံ သို့ လွှဲပြောင်းပေးအပ်လိုက်သော မှုခင်းဖြစ်ရမည်။

**မြန်မာနိုင်ငံတော်သည် ရောမစာချုပ်အား လက်မှတ်ရေးထိုးထားခြင်းမရှိသကဲ့သို့ အဖွဲ့ဝင်နိုင်ငံလည်းမဟုတ်ပါ။ မြန်မာနိုင်ငံကဲ့သို့ပင် လက်မှတ်ရေးထိုးထားခြင်းမရှိသော၊ အဖွဲ့ဝင်နိုင်ငံမဟုတ်သော နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဆော်ဒီအာရေဗီးယား၊ တူရကီ၊ ပါကစ္စတန်၊ ဗီယက်နမ် အစရှိသောနိုင်ငံများဖြစ်ကြသည်။**

အမေရိကန်ပြည်ထောင်စုနှင့် ရုရှားပြည်ထောင်စုတို့သည် ရောမစာချုပ်အား လက်မှတ်ရေးထိုးခဲ့ပြီးမှ နောက်ပိုင်းတွင် ပြန်လည်နုတ်ထွက်ရုပ်သိမ်းခဲ့ကြသော နိုင်ငံများဖြစ်ကြသည်။

**အကြိုစုံစမ်းစစ်ဆေးမှု**

တရားစီရင်ရေးကြားနာမှုမတိုင်ခင် အကြိုစုံစမ်းစစ်ဆေးမှုကို ပြုလုပ်ရသည်။ တရားစွဲအရာရှိသည် တရားသူကြီးသုံးဦးပါဝင်သော တရားစီရင်ကြားနာမှုအကြိုခုံအဖွဲ့ထံမှ ကိုယ်ပိုင်ရွေ့ပြေးစုံစမ်းစစ်ဆေးမှု (Investiga -tion Proprio Motu)ကို စတင်ရန် ခွင့်ပြုမိန့်ကို ကြိုတင်ရယူရသည်။

**အိုင်စီစီ၏ ဖွဲ့စည်းပုံ**

ရောမစာချုပ်(Rome Statute)ကအဖွဲ့အစည်းသုံးရပ်ကို ဖွဲ့စည်းတည်ထောင်ထားသည်။ ယင်းတို့မှာ

၁။နိုင်ငံတကာရာဇဝတ်တရားရုံးအိုင်စီစီ(ICC)

၂။အဖွဲ့ဝင်နိုင်ငံများညီလာခံ(ASP-Assembly of States Parties)

၃။ထိခိုက်နစ်နာခဲ့ရသူများအရေး အာမခံရန်ပုံငွေအဖွဲ့(Trust Fund for Victims)တို့ဖြစ်ကြသည်။

အဖွဲ့ဝင်နိုင်ငံများညီလာခံ(ASP)၏လက်အောက်၌ ဌာနကြီးနှစ်ရပ်ရှိသည်။ ယင်းတို့မှာ-

အမြဲတမ်းအတွင်းရေးမှူးအဖွဲ့ (Permanent Secretariat)နှင့် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတစ်ဦးဦးစီပါဝင်သော ရွေးကောက်တင်မြှောက်ထားသော ဗျူရိုရုံးတို့ဖြစ်သည်။

နိုင်ငံတကာရာဇဝတ်တရားရုံး ICC ထံ၌အစိတ်အပိုင်းလေးရပ်ရှိသည်။

၁။ဥက္ကဋ္ဌရုံး (Presidency)- အုပ်ချုပ်မှုတာဝန်များကို ထမ်းဆောင်ရသည်။

၂။တရားရေးဌာနခွဲများ (Divisions)-အကြိုကြားနာမှု၊ တရားစီရင်စစ်ဆေးမှုနှင့်အယူခံတရားသူကြီးများဟူ၍ သုံးရပ်ရှိသည်။

၃။တရားစွဲအရာရှိရုံး (Office of Prosecutor)နှင့်

၄။မော်ကွန်းမှတ်တမ်းရုံး (Registry) တို့ဖြစ်ကြသည်။

**ရောမစာချုပ်၏အပြင်ဘက်**

အိုင်စီစီကို ဖွဲ့စည်းပေးထားသော ရောမစာချုပ်အတွင်း အပြည့်အဝပါဝင်နေသော ဒေသဟူ၍ကမ္ဘာ့တိုက်ကြီးများနှင့် သမုဒ္ဒရာများအနက် တောင်အမေရိကတိုက် တစ်ခုတည်းသာလျှင် ရောမစာချုပ်၌ အပြည့်အဝပါဝင်ကြသည်။

အာဖရိကတိုက်၏ နိုင်ငံထက်ဝက်ခန့်သည် အဖွဲ့ဝင်နိုင်ငံများမဟုတ်ကြပေ။ ဘူရွန်ဒီနိုင်ငံသည် ယခင်က အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်ခဲ့သော်လည်း ၂၀၁၇ခုနှစ်၌ ပြန်လည်နုတ်ထွက်ခဲ့သည်။ နိုင်ငံ(၃၁)နိုင်ငံသည် ရောမစာချုပ်အား လက်မှတ်ရေးထိုးထားခဲ့သော်လည်း သက်ဆိုင်ရာလွှတ်တော်များနှင့် အစိုးရများက စာချုပ်အား အတည်ပြုပေးခြင်းမလုပ်ဘဲ ချန်လှပ်ထားရှိခဲ့ကြသည်။

ယခင်က လက်မှတ်ရေးထိုးခဲ့သော နိုင်ငံများအနက် အမေရိကန်ပြည်ထောင်စု၊ ရုရှားပြည်ထောင်စု၊ အစ္စရေးနှင့် ဆူဒန်နိုင်ငံလေးခုသည် စာချုပ်မှပြန်လည်နုတ်ထွက်ကြောင်း ကုသမဂ္ဂအတွင်းရေးမှူးချုပ်ထံသို့ တရားဝင်အကြောင်းကြားအသိပေးထားခဲ့သည်။

ကုလသမဂ္ဂ၏အဖွဲ့ဝင်နိုင်ငံများအနက် (၄၁)နိုင်ငံသည် ရောမစာချုပ်အား လက်မှတ်ရေးထိုးခြင်းမပြုလုပ် သကဲ့သို့ အသိအမှတ်ပြုလိုက်နာခြင်းလုံးဝမပြုလုပ်ပေ။ ယင်း(၄၁)နိုင်ငံအနက် တရုတ်နှင့်အိန္ဒိယကဲ့သို့ အထူးအင်အားကြီးနိုင်ငံများ(GreatPower)သည်နိုင်ငံတကာရာဇဝတ်တရားရုံးအိုင်စီစီနှင့်ရောမစာချုပ်တို့အားပြင်းထန်စွာဆန့်ကျင်ဝေဖန်နေခဲ့ကြသည်။

နယ်သာလန်နိုင်ငံ သယ်ဟိဂ်မြို့တော်၌တည်ရှိနေသော အိုင်စီစီသည် နိုင်ငံရေးတိုက်ပွဲများနှင့် ဝါဒဖြန့်ချိ ရေးတိုက်ပွဲများအတွက် အကြိမ်ကြိမ်အသုံးချခံနေရသဖြင့် ကမ္ဘာ့ပြည်သူများအလယ်တွင် လေးစားအသိအမှတ်ပြုထိုက်ဖွယ်ရာ ဂုဏ်သိက္ခာမရှိသော အဖွဲ့အစည်းတစ်ရပ်ဖြစ်လာခဲ့သည်။

**ဝေဖန်ချက်များ**

နိုင်ငံတကာရာဇဝတ်ဝတ်တရားရုံးအိုင်စီစီကို အစောဆုံး စတင်ဝေဖန်လာသူများမှာ အာဖရိကသမဂ္ဂ (AU-African Union) မှခေါင်းဆောင်များဖြစ်ကြသည်။ အိုင်စီစီသည် ခေတ်သစ်နယ်ချဲ့စနစ်၏ လက်နက်ကိရိယာ (Tool of Modern Imperialism) ဖြစ်နေသည်ဟု အာဖရိကသမဂ္ဂမှ ဝေဖန်ဆန့်ကျင်နေခဲ့သည်။ အိုင်စီစီသည် ကိစ္စရပ်များအားလုံးနီးပါးတွင် အနောက်အုပ်စု (Western Bloc)ဘက်သို့ တစ်ဖက်စောင်းနင်း၊ တစ်ဖက်သတ် ဘက်လိုက်နေသည်ဟု လက်ဝဲအစိုးရများက သတ်မှတ်ထားကြသည်။

အိုင်စီစီသည် ရောမစာချုပ်ကို စတင်ရေးဆွဲစဉ်က မျှော်မှန်းထားခဲ့ကြသော မူလရည်ရွယ်ချက်များနှင့် ကင်းလွတ်လာပြီး ချမ်းသာကြွယ်ဝ သောနိုင်ငံများ၏ဂိုဏ်းဂဏအကျိုးစီးပွားများအတွက်သာ အလုပ်အကျွေးပြုနေသည်ဟု တောင်ကမ္ဘာ ခြမ်းမှဖွံ့ဖြိုးဆဲနိုင်ငံများအကြား သဘောထားသတ်မှတ်ထားခြင်း ပိုမိုကျယ်ပြန့်လာခဲ့သည်။

အာဖရိကသမဂ္ဂခေါင်းဆောင်များက ထုတ်ပြန်ခဲ့သောကြေညာချက်တစ်ရပ်တွင်အိုင်စီစီသည် ချမ်းသာကြွယ်ဝသော၊ ပိုမိုအင်အား ကြီးမားသောနိုင်ငံများမှ ကျူးလွန်နေသောရာဇဝတ်မှုများ လျစ်လျူရှုနေစဉ်ကာလအတွင်း အင်အား နည်းပါးသောနိုင်ငံငယ်များမှခေါင်းဆောင်များကို ဖမ်းဆီးအကျဉ်းချရန် လုပ်ဆောင်နေသည်ဟု ပြစ်တင်ရှုတ်ချထားခဲ့သည်။

ကင်ညာနိုင်ငံမှ သမ္မတအူဟူရူကန်ညက်တာနှင့် ဒုတိယသမ္မတဝီလီယမ်ရှတို့နှစ်ဦးအား အိုင်စီစီက အမှုဖွင့် တရားစွဲ ဆိုသောအချိန်တွင်ကင်ညာလွှတ်တော်သည် အိုင်စီစီမှ နုတ်ထွက်ရန်ဆုံးဖြတ်ခဲ့သည်။ ထို့နောက်ကင်ညာလွှတ်တော်သည် အခြားသောအာဖရိက(၃၃)နိုင်ငံအား အိုင်စီစီမှ နုတ်ထွက်ရန်စတင်နှိုးဆော်ခဲ့သည်။ တရုတ်၊ တောင်အာဖရိက၊ ဆော်ဒီအာရေဗီးယား၊ နိုင်ဂျီးရီးယား၊ အီဂျစ်၊ အီသီယိုပီးယား၊ ယူအေအီး၊ ကာတာနှင့် ဆူဒန်ခေါင်းဆောင်များကလည်း ကင်ညာဘက်မှရပ်တည်ခဲ့ကြသည်။

အိုင်စီစီက ဖမ်းဝရမ်းထုတ်ခဲ့သော်လည်းမဖမ်းဆီးနိုင်ခဲ့သောနိုင်ငံခေါင်းဆောင်များနှင့် ခေါင်းဆောင်ဟောင်းများလည်း များစွာရှိကြသည်။ ကင်ညာခေါင်းဆောင်များ၊ အိုင်ဗရီကို့စ်နိုင်ငံမှ သမ္မတကတော်ဟောင်း၊ ဇင်ဘာဘွေသမ္မတဟောင်းနှင့် အခြားခေါင်းဆောင်များစွာအား အိုင်စီစီက ဖမ်းဝရမ်းထုတ်ခဲ့သော်လည်း လက်တွေ့မဖမ်းဆီးနိုင်ခဲ့ပေ။

ဆူဒန်သမ္မတအိုမာအယ်လ်ဘာရှားက အိုင်စီစီသည် အနောက်အုပ်စု ဇာတ်ကွက်ဆင်မှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု ဝေဖန်ခဲ့သည်။အာဖရိကသမဂ္ဂဆိုင်ရာ ရဝမ်ဒါသံအမတ်ကြီး ဂျိုးဇက်ဖ်အန်ဆန်ဂျင်မန်နာ က နိုင်ငံတကာတရားရေးသည် ပို၍ပို၍ နိုင်ငံရေးဆန်လာနေသည်ဟု ဝေဖန်ခဲ့သည်။ ယူဂန္ဒာသမ္မတယိုဝါရီ မူဆဲဗန်နီက အိုင်စီစီသည် ရှုပ်ထွေးသိမ်မွေ့သော အာဖရိကရေးရာကိစ္စရပ်များအား မှားယွင်းစွာကိုင်တွယ်နေသည်ဟု ဝေဖန်ခဲ့သည်။ အီသီယိုပီးယားဝန်ကြီးချုပ် ဟေလမ်ဗာရီယမ်ဒယ်ဆာလန်က အာဖရိကိုက်အတွင်း အိုင်စီစီကလုပ်ဆောင်ခဲ့သော လုပ်ရပ်များသည် အလွန်ဆိုးရွားသောထိခိုက်ဆုံးရှုံးမှုများကို ချန်ထားပေးခဲ့ပြီး ယင်းတို့သည် လုံးဝလက်ခံနိုင်ဖွယ်ရာမရှိဟု ပြောဆိုခဲ့သည်။

တောင်အာဖရိကသမ္မတ ဂျက်ကော့ဇူးမားက ၂၀၁၅ခုနှစ် အာဖရိကသမဂ္ဂထိပ်သီးညီလာခံ၌ အာဖရိကတစ်တိုက်လုံး အိုင်စီစီမှ နုတ်ထွက်ရန် အဆိုပြုခဲ့သည်။ အီသီယိုပီးယားနိုင်ငံခြားရေးဝန်ကြီး တက်ဒရို့စ် အက်ဒါနွမ်က အိုင်စီစီသည် စံချိန်စံညွှန်းနှစ်ထပ်(Double Standard)ကို အသုံးပြုနေသည်ဟု ဝေဖန်ပြစ်တင်ခဲ့ သည်။ ၂၀၁၆ခုနှစ်၌ ဂမ်ဘီယာနှင့် နမီးဘီးယားနိုင်ငံများသည် အိုင်စီစီထံမှ နုတ်ထွက်ခဲ့ကြသည်။

အမေရိကန်ကဆင်နွှဲခဲ့သော ၂၀၀၃ခုနှစ် အီရတ်ကျူးကျော်စစ်အတွင်း ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန် အိုင်စီစီသည် မည်သည့်ကြိုးပမ်းအားထုတ်မှုကိုမျှ မပြုလုပ်ခဲ့ဟု မွတ်ဆလင်နိုင်ငံများကဝေဖန်ခဲ့ကြသည်။

**အိုင်စီစီနှင့်အမေရိကန်**

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက အိုင်စီစီ၏ တရားစွဲအရာရှိများနှင့်တရားသူကြီးများ၏ လုပ်ပိုင်ခွင့်များအပေါ် စစ်ဆေးမှုနှင့်ထိန်းညှိမှုများ(Checks and Balances)ပြည့်စုံလုံလောက်ခြင်း မရှိဟုဝေဖန်ခဲ့သည်။ အမေရိကန်၏ တည်ဆဲဥပဒေဖြစ်သော အမေရိကန်တပ်ဖွဲ့ဝင်များ ကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေအရ အိုင်စီစီက ဖမ်းဆီးသို့မဟုတ် အကျဉ်းချထားသော အမေရိကန်စစ်သည် သို့မဟုတ် မဟာမိတ်စစ်သည်တိုင်းအား ပြန်လွှတ်ပေးရန် လိုအပ်သောနည်းလမ်းအားလုံးကို သမ္မတကအသုံးပြုရမည်ဟု ဥပဒေပြဋ္ဌာန်းထားသည်။ ယင်းဥပဒေအား ဟိဂ်ကျူးကျော်စစ်အက်ဥပဒေ(Hague Invasion Act)ဟု အမည်ပြောင်တစ်ခု ပေးထားကြသည်။

အိုင်စီစီနှင့်အခြားသော နိုင်ငံတကာအဖွဲ့အစည်းများသည် ယင်းတို့ကိုစတင်တည်ထောင်ခဲ့သော မူလရည်မှန်းချက်များမှ သွေဖည်လာခဲ့ကြသော နိုင်ငံငယ်များ၏ ပြည်တွင်းရေးများကို ဝင်ရောက်စွက်ဖက်ခြင်း၊ အကျိုးစီးပွားအနှောင့်အယှက်ပေးခြင်းများတွင် အသုံးပြုလာခဲ့ကြသည်။ ယင်းအခြေအနေသည် ရောမစာချုပ် အလွန်နိုင်ငံတကာတရားမျှတမှုပုံစံသစ်ကို မလွဲမရှောင်သာ တောင်းဆိုလာနေပေသည်။ **ရဲကျော်စွာ**

www.free4readers.com

# မြန်မာတို့သတိပြုလေ့လာသင့်သော တရုတ်၏ အလွှာစုံဆက်ဆံရေးမဟာဗျူဟာ

□ ဖင်လင်း

လွန်ခဲ့သည့် ဖေဖော်ဝါရီလ ၂၅ ရက်နေ့က "တရုတ်၏အလွှာစုံဆက်ဆံရေး မဟာဗျူဟာနှင့် မြန်မာနိုင်ငံ ၏ ပကတိအခြေအနေ"ဆိုသည့် သုတေသနစာတမ်းဖတ်ပွဲကို မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေး အင်စတီကျု (Institute for Strategy and Policy – Myanmar (ISP) က ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့သည်။ မြန်မာ-တရုတ်ဆက်ဆံရေးအား အပြန်အလှန်အကျိုးရှိသော ဆက်ဆံရေးတစ်ရပ်ဖြစ်လာစေရေးအပါအဝင် နှစ်နိုင်ငံဆက်ဆံရေးတွင် အဓိကကျသောကိစ္စရပ်များ၌ မူဝါဒဆိုင်ရာဆွေးနွေးမှုများ မြှင့်တင်အားပေးရန် ရည်ရွယ်၍ နှစ်နိုင်ငံဆက်ဆံရေးအပြောင်းအလဲများကို လေ့လာထားခြင်းဖြစ်ကြောင်း ISP က နိဒါန်းစကားဆို ထားသည်။ မည်သို့ဆိုစေ လွတ်လပ်ပွင့်လင်းစွာ စနစ်တကျလေ့လာသုတေသနပြုတင်ပြ၍ အမြင်ကျယ်ခွင့်ပေးသော စာတမ်းဖတ်ပွဲမျိုးမြန်မာ့လူ့အဖွဲ့အစည်းတွင် နည်းပါးနေခိုက် ယခုကဲ့သို့သော အစီအစဉ်များပေါ် ပေါက်လာသည်ကို ကြိုဆိုရမည်ဖြစ်ပေသည်။

အထက်ဖော်ပြပါစာတမ်းကို ပြုစုသူ "ခင်ခင်ကျော်ကြီး"သည် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှ တရုတ်ဘာသာစကားအထူးပြုဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့သူဖြစ်ပြီး၊ ၂၀၁၁ ခုနှစ်တွင် တရုတ်နိုင်ငံ ယူနန်တက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးမဟာဘွဲ့ရရှိထားသူဖြစ်သည်ဟု သိရသည်။ ၂၀၁၆ ခုနှစ်တွင် လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့် အာဖရိကလေ့လာရေးကျောင်းမှ နိုင်ငံတကာလေ့လာရေးနှင့် သံတမန်ရေးရာ မဟာဘွဲ့ကိုလည်းရရှိခဲ့ကြောင်းသိရသည်။ ယင်းအချက်က ဤစာတမ်းအပေါ် လူအများ၏စိတ်ဝင်စားမှုကိုရရှိစေသည်။ အနောက်နိုင်ငံအခြေပြုသုတေသနပညာရှင်များ၏တရုတ်-မြန်မာ ဆက်နွယ်မှု သုတေသနစာတမ်းများကိုသာ မြန်မာတို့အများဆုံးဖတ်ရှုလေ့လာခဲ့ရသည်။ ထို့ကြောင့် ယခုကဲ့သို့တရုတ်ဘာသာ စကားတတ်သိသော တရုတ်တက္ကသိုလ်တစ်ခုမှဘွဲ့ရထားသည့် မြန်မာသုတေသီတစ်ဦးက တင်ပြလာသော သုတေသနစာတမ်းသည် တစ်စုံတစ်ရာထူးခြားမှုရှိမည်ဟု မျှော်လင့်ကြသည်။ အနည်းဆုံးအားဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လှိုင်းဂယက်ထနေချိန်မျိုးတွင် ယခုကဲ့သို့သော စာတမ်းတစ်စောင် ပေါ်ထွက်လာခြင်းက မြန်မာပညာတတ်များအား တွေးကြရေးကြဆွေးနွေးကြဟု နှိုးဆော်ပေးရာရောက်ပေသည်။




၂၀၁၀ ခုနှစ် မတိုင်မီက မြန်မာနိုင်ငံသည် စစ်အစိုးရများ၏အုပ်ချုပ်မှုအောက်တွင် နိုင်ငံတကာ၏ ပိုင်းပယ်ထားမှုကိုခံခဲ့ရသည်။ နိုင်ငံတကာဖိအားများအောက်တွင် နိုင်ငံရေး၊ စီးပွားရေးအကျပ်အတည်းများ ကြီးမားစွာကြုံတွေ့ခဲ့ရသည်။ ထိုစဉ်က တရုတ်နိုင်ငံက မြန်မာစစ်အစိုးရများအား သူပိုင်ဆိုင်ထားသည့် ဗီတိုအာဏာဖြင့် အကာအကွယ်ပေးထားခဲ့သည်။ ယင်းဗီတိုအာဏာအတွက် ပေးရသည့်ဈေးနှုန်းကလည်း အလွန်တရာကြီးမြင့်ကြောင်း မြန်မာတို့သိခဲ့ကြပြီးဖြစ်သည်။ သစ်အစ ကျောက်မျက်အဆုံး သယံဇာတအမြောက်အမြားကို တရုတ်တို့က အောက်ဈေးဖြင့် ရယူသွားခဲ့သည်။ တစ်ဖန် မြန်မာ့ဈေးကွက်အတွင်းသို့ တရုတ်နိုင်ငံထုတ် အရည်အသွေးနိမ့် အခြေခံလူသုံးကုန်များ၊ နေ့စဉ်သုံးလျှပ်စစ်ပစ္စည်းများ၊ အဆင့်နိမ့်စား သောက်ကုန်များစသဖြင့် တင်သွင်းခဲ့ကြသည်။ သို့ဖြင့် မြန်မာတို့ဘက်က သွင်းကုန်ထုတ်ကုန်နှစ်ရပ်လုံး နစ်နာခဲ့ကြရသည်။ ထို့အပြင် မြစ်ဆုံစီမံကိန်း၊ လက်ပံတောင်းတောင်စီမံကိန်း၊ ကျောက်ဖြူ-ယူနန် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းအစရှိသည့် စီမံကိန်းပေါင်း အများအပြားကို တရုတ်တို့ ဖြတ်သည့်ဈေးဖြင့် ပေးခဲ့ကြရသည်။ တစ်နည်းအားဖြင့် ၂၀၁၀ အထွေထွေရွေးကောက်ပွဲမတိုင်မီအထိ တရုတ်-မြန်မာဆက်ဆံရေးတွင် တရုတ်က အထက်စီးရရှိနေခဲ့သည်။

၂၀၁၀ ရွေးကောက်ပွဲပြီးနောက် မြန်မာ့နိုင်ငံရေး အခြေအနေတစ်စုံတစ်ရာ တိုးတက်ခဲ့ခြင်းနှင့်အတူ မြန်မာလူထု၏အသံကို တရုတ်တို့ သတိပြုလာခဲ့သည်။ အထူးသဖြင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် လူထုကိုယ်စားပြု NLD ပါတီ လွှတ်တော်အတွင်း နေရာအချို့ရရှိလာပြီးနောက် တရုတ်-မြန်မာ ဆက်ဆံရေး တစ်ဆစ်ချိုး ပြောင်းခဲ့သည်။ ထိုအချိန်မှ စတင်၍ တရုတ်နိုင်ငံက မြန်မာနှင့်ဆက်ဆံရေးကို ပြန်လည်သုံးသပ်ကာ မဟာဗျူဟာအပြောင်းအလဲလုပ်ခဲ့ပုံကို စာတမ်းရှင်ခင်ခင်ကျော်ကြီးက သူ၏ "တရုတ်၏အလွှာစုံ ဆက်ဆံရေးမဟာဗျူဟာနှင့် မြန်မာနိုင်ငံ၏ပကတိအခြေအနေ"စာတမ်းတွင် လေ့လာသုံးသပ်တင်ပြထားသည်။ စစ်အာဏာရှင်စနစ်မှ ပါတီစုံဒီမိုကရေစီသို့ အပြောင်းအရွှေ့လုပ်လိုက်ခြင်းကြောင့် ၂၀၁၀ ခုနှစ် နောက်ပိုင်းတွင် မြန်မာပြည်သူလူထု၏လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်မြင့်တက်လာသည်ဟု စာတမ်းရှင်က သုံးသပ်သည်။ အကျိုးဆက်အဖြစ် တရုတ်ရင်းနှီးမြှုပ်နှံမှုစီမံကိန်းကြီးတစ်ခုဖြစ်သော မြစ်ဆုံဆည်ရေအားလျှပ်စစ် စီမံကိန်းကိုဆန့်ကျင်သည့် လူထုလှုပ်ရှားမှုများ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်ခဲ့သည်ဟု စာတမ်းရှင်ကဆိုသည်။ ထိုလူထုဖိအားများကြောင့် သမ္မတဦးသိန်းစိန်သည် ၎င်း၏သက်တမ်းအတွင်း စီမံကိန်းရပ်ဆိုင်းထားရန် ဆုံးဖြတ်ခဲ့ရသည်ဟု စာတမ်း၌ သုံးသပ်ဖော်ပြထားသည်။

စာတမ်းဖတ်ပွဲပြုလုပ်သည့် ဖေဖော်ဝါရီ ၂၅ ရက်နေ့ စာတမ်းဖတ်ကြားစဉ် စာတမ်းရှင်က နိဒါန်းပျိုးရာ၌ တရုတ်လူ့အဖွဲ့အစည်းအကြား နှစ်ပေါင်းများစွာကပင် ကျင့်သုံးခဲ့သည့် "ကွမ်းရှီ"(Guanxi) ဆိုသည့် တရုတ်တို့၏ဆက်ဆံပုံနည်းနာအကြောင်းကိုလည်း ဖွင့်ဆိုပြခဲ့သည်။ "ကွမ်းရှီ" ဆိုသည်မှာ မိမိ၏အကျိုးစီးပွားကို မြှင့်တင်ရန်ရည်ရွယ်၍ လူတစ်ဦးက အခြားလူတစ်ဦးနှင့် အပြန်အလှန်လူမှုဆက်ဆံရေးတည်ဆောက်သည့် သဘောဖြစ်သည်ဟုဆိုသည်။ တရုတ်၏ "ကွမ်းရှီ"အခြေပြု မြန်မာနိုင်ငံ၏အလွှာစုံနှင့် အပြန်အလှန်ဆက်ဆံရေးထူထောင်ရာတွင် အရေးပါအရာရောက်လာသော လူပုဂ္ဂိုလ်များ၊ ပါတီအသင်းအဖွဲ့များအားအကျိုးမျှော်၍ ဆက်ဆံရေးကွန်ရက်ဖြန့်ကြက်သည့် သဘောဖြစ်သည်ဟု စာတမ်းရှင်က ရှင်းပြခဲ့သည်။ တစ်နည်းအားဖြင့် "ကွမ်းရှီ"သဘောသည် မိမိအတွက် အကျိုးရှိမည့်သူများကို မျက်နှာသာပေးကာ အပြန်အလှန်ဆက်ဆံမှုထူထောင်ခြင်းဟုဆိုသည်။ ထိုသို့မျက်နှာသာ ပေးထားခြင်းအားဖြင့် အနာဂတ်တွင် ပြန်လည်ကူညီရမည်ဟူသော လူမှုရေးဝတ္တရားကို တည်ဆောက်သည့် သဘောဟု စာတမ်းရှင်က ဆိုသည်။ အားနာတတ်သည့် မြန်မာတို့စရိုက်နှင့်လည်း အံကျဖြစ်နေသည်ဟု ဆိုသည်။ ထို့ကြောင့် တရုတ်၏အလွှာစုံဆက်ဆံရေး မဟာဗျူဟာသည် မြန်မာ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် တစ်စုံတစ်ရာဩဇာရှိသူများနှင့် အဆုံးအဖြတ်ပြုနိုင်သော ပါတီအသင်းအဖွဲ့များ စသည်တို့ကို "ကွမ်းရှီ" နည်းနာအရ ဆက်ဆံရေးတည်ဆောက်ခြင်းဖြစ်သည်။ ထိုသို့ဆက်ဆံရေး ကွန်ရက်ဖြန့်ကြက်ထားခြင်းဖြင့် အနာဂတ်တွင် တရုတ်အကျိုးစီးပွားအတွက် အခွင့်အလမ်းများ ဖန်တီးယူရန်ဖြစ်သည်ဟု စာတမ်းရှင်ခင်ခင်ကျော်ကြီးက သုံးသပ်တင်ပြထားသည်။




"တရုတ်၏အလွှာစုံဆက်ဆံရေး မဟာဗျူဟာ"အရ မြန်မာနိုင်ငံကို ဆက်ဆံရာ၌ ထင်သာမြင်သာရှိသော အခင်းအကျင်းမှာ "လေ့လာရေး"၊ "စွမ်းဆောင်ရည်မြှင့်တင်ရေး"၊ "အပြန်အလှန်အတွေ့အကြုံဖလှယ်ရေး"အစရှိသည့် ခေါင်းစဉ်အမျိုးမျိုးဖြင့် မြန်မာ့လူ့အဖွဲ့အစည်းအလွှာအသီးသီးတွင် အရေးပါသူများကို တရုတ်နိုင်ငံသို့အလည်အပတ် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်ဟု စာတမ်း၌သုံးသပ်ဖော်ပြသည်။ တရုတ်ဘက်မှ မှတ်တမ်းမှတ်ရာများအရ တရုတ်နိုင်ငံသို့သွားရောက်ခဲ့သူ ၂၀၀၀ မျှပင်ရှိသည်ဟု ဆိုသည်။ NLD ပါတီ အာဏာရပြီးနောက် တရုတ်ကွန်မြူနစ်ပါတီ၏နိုင်ငံတကာဆက်ဆံရေးဌာနသည် ပါတီချင်းဆက်ဆံရေးခေါင်းစဉ်အောက်၌ မြန်မာနိုင်ငံရေးပါတီခေါင်းဆောင်များ၊ ပါတီဝင်များ ပါတီဝင်လူငယ်များအား တရုတ်နိုင်ငံသို့ ဖိတ်ခေါ်ခဲ့ပြီး၊ သုံးနှစ်အတွင်း NLD နှင့် USDP ပါတီတို့မှရာနှင့်ချီသော ပါတီဝင်များတရုတ်နိုင်ငံသို့ ရောက်ရှိခဲ့သည့် အချက်ကိုစာတမ်း၌ သုတေသနပြုဖော်ပြထားသည်။ "စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ မဟာမိတ်အဖွဲ့"မှ အဖွဲ့ဝင် တစ်ရာကျော်ခန့်လည်း တရုတ်ကွန်မြူနစ်ပါတီ၏ဖိတ်ကြားမှုအရ တရုတ်ပြည်သို့ ရောက်ခဲ့ကြသည်ဟု ဆိုသည်။

အလားတူ "တရုတ်-မြန်မာချစ်ကြည်ရေးအသင်း" "တရုတ်နိုင်ငံမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများကွန်ရက်" စသော အဖွဲ့အစည်းများကလည်း မြန်မာနိုင်ငံမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ တက်ကြွလှုပ်ရှားသူများ၊ ရပ်ရွာခေါင်းဆောင်များနှင့် ရဟန်းသံဃာများကိုလည်း တရုတ်နိုင်ငံသို့ ဖိတ်ကြားခဲ့ကြောင်းတွေ့ရသည်ဟုဆိုသည်။ ထို့အတူ မြန်မာသတင်းသမားများအားလည်း တရုတ်နိုင်ငံအပေါ် ပိုမိုနားလည်စေလိုသောရည်ရွယ်ချက်ဖြင့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ လေ့လာရေးခရီးစဉ်များ စီစဉ်ဖိတ်ခေါ်ခဲ့ကြောင်းလည်း စာတမ်း၌ ဖော်ပြထားသည်။ ၂၀၁၇ ခုနှစ် အောက်တိုဘာတွင် ကျင်းပခဲ့သည့် "တရုတ်ကွန်မြူနစ်ပါတီ ၁၉ ကြိမ်မြောက်ကွန်ဂရက်"၌ သတင်းယူရန် မြန်မာသတင်းသမားများအား ဖိတ်ကြားခဲ့ကြောင်းလည်း ဖော်ပြထားသည်။ ရည်ရွယ်ချက်မှာ မြန်မာသတင်းမီဒီယာများနှင့် ချိတ်ဆက်၍ တရုတ်အပေါ် မြန်မာပြည်သူတို့၏ရှုမြင်ပုံပြန်လည်တည်ဆောက်လိုခြင်းဖြစ်သည်ဟု စာတမ်းရှင်က သုံးသပ်ထားသည်။

၂၀၁၁ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံတွင် တရုတ်ဆန့်ကျင်ရေးစိတ်ဓာတ်များမြင့်မားလာသည်ကို တရုတ်နိုင်ငံကသိရှိခဲ့ပြီးနောက် ပြည်သူလူထု၏အမြင်ကိုပုံဖော်ရာတွင် သတင်းမီဒီယာ၏အကျိုးပြုမှု အရေးပါသည်ကို တရုတ်တို့နားလည်သဘောပေါက်ခဲ့သည်ဟု ဆိုသည်။ သို့ဖြင့် မြန်မာသတင်းမီဒီယာနှင့် သတင်းသမားများနှင့် ဆက်ဆံရေးကဏ္ဍကိုလည်း တရုတ်နိုင်ငံက ဦးစားပေးလာခဲ့သည်ဟု စာတမ်းက ဆိုသည်။ အခြားထူးခြားမှုတစ်ခုမှာ ၂၀၁၄ ခုနှစ်တွင် တရုတ်ဆင်ဟွာသတင်းဌာန၏ မြန်မာဘာသာ အစီအစဉ်စတင်ခဲ့ ခြင်းဖြစ်သည်။ စာတမ်းရှင်၏ သုတေသနပြုချက်အရ ဆင်ဟွာသတင်းဌာန၏ Facebook စာမျက်နှာတွင် Like အရေအတွက် သန်း ၃၀ ကျော်သည်ဟုဆိုသည်။ ယင်းအရေအတွက်သည် မြန်မာပရိသတ် စိတ်ဝင်စားမှုအများဆုံးဖြစ်သည့် ပြည်တွင်းပြည်ပမီဒီယာအားလုံးထက် ပိုမိုများပြားနေသည်ဟု စာတမ်းတွင် ထောက်ပြထားသည်။ ဆိုလိုသည်မှာ သတင်းမီဒီယာကိုအသုံးပြု၍ တရုတ်၏ သဘောထားအမြင်များကို မြန်မာပရိသတ်သိစေရန် ဖြန့်ဝေခြင်းအားဖြင့် မြန်မာတို့တရုတ်အပေါ် အမြင်ကောင်းလာစေရန် ကြိုးပမ်းသည့် သဘောဟု ဆိုသည်။

စာတမ်းတွင် ခြုံငုံ၍သုံးသပ်ထားချက်မှာ "တရုတ်၏အလွှာစုံဆက်ဆံရေးမဟာဗျူဟာ"သည် မြန်မာနိုင်ငံမှ တရုတ်အကျိုးစီးပွားများအပြင် တရုတ်ပြည်တွင်းနှင့် ပြည်ပနိုင်ငံတကာတို့တွင် ဖော်ဆောင်နေသော တရုတ်မူဝါဒများကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်လုပ်ဆောင်သည်ဟုဆိုသည်။ တရုတ်နိုင်ငံအနေဖြင့် စီးပွားရေးအရအောင်မြင်လာပြီးနောက် ၎င်းတို့၏နိုင်ငံရေးနှင့် စီးပွားရေးစနစ်များအပေါ် ပိုမိုယုံကြည်လာသည်ဟုဆိုသည်။ ထို့ကြောင့် မြန်မာနိုင်ငံမှ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် သတင်းမီဒီယာများအစရှိသည်တို့ကို တရုတ်နိုင်ငံသို့ဖိတ်ခေါ်ကာ တရုတ်၏နိုင်ငံရေးယဉ်ကျေးမှုများ၊ လူမှုရေးစံနှုန်းများနှင့်စီးပွားရေး အောင်မြင်မှုများကိုလေ့လာစေခဲ့သည့်အချက်မှာ တရုတ်နိုင်ငံအပေါ် မြန်မာတို့အမြင်ကြည်လင်လာစေလိုသော သဘောဟု ဆိုနိုင်ပေသည်။

အထူးသဖြင့် လက်ရှိမြန်မာ့ပြည်တွင်းရေးအကျပ်အတည်းများကြောင့် အနောက်နိုင်ငံများက လူ့အခွင့်အရေးအကြောင်းပြချက်ဖြင့် မြန်မာနိုင်ငံအား ဖိအားများ ပေးလာနေသည်။ ယင်းအချက်က မြန်မာအားတရုတ်နှင့် ပိုမိုနီးကပ်စေရန် တွန်းပို့နေသကဲ့သို့ဖြစ်သည်။ သို့ဖြင့် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော NLD အစိုးရအဖွဲ့၏နိုင်ငံခြားရေးမူဝါဒ၌ တရုတ်သည် အရေးပါသော နေရာတွင် ရှိနေသည်ဟု စာတမ်းတွင် သုံးသပ်ထားသည်။ အထူးသဖြင့် တရုတ်နိုင်ငံပိုင် အငြင်းပွားဖွယ်ရင်းနှီးမြှုပ်နှံမှုဖြစ်သည့် လက်ပံတောင်းတောင်စီမံကိန်းကို ဆက်လက်ဆောင်ရွက်ရန်ထောက်ခံခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်၏ဆုံးဖြတ်ချက်သည် တရုတ်နှင့်ပတ်သက်၍ လက်တွေ့ကျကျ စဉ်းစားဆောင်ရွက်ချက်ဟု စာတမ်းတွင် ဖော်ပြသည်။ တရုတ်-မြန်မာ ဆက်ဆံရေးကောင်းမွန်ဖို့ အရေးကြီးသည်ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောလေ့ရှိကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်နှင့် ဆက်ဆံရာတွင် ပေကျင်းအစိုးရ မကျေမနပ်ဖြစ်စေမည့် အပြုအမူမျိုးကို သတိကြီးစွာဖြင့် ရှောင်ရှားကြောင်း၊ ၂၀၁၆ ဩဂုတ်လ ဒေါ်အောင်ဆန်းစုကြည်၏ တရုတ် ခရီးစဉ်အတွင်း ထုတ်ပြန်ခဲ့သော ကြေညာချက်တွင် မြန်မာက တရုတ်တစ်နိုင်ငံတည်းမူဝါဒကို လက်ခံခဲ့သည်။ ထိုင်ဝမ်အရေး၊ တိဘက်အရေးနှင့်ရှင်ကျန်းအရေးတို့တွင် တရုတ်၏ရပ်တည်ချက်ကို နားလည်ထောက်ခံသည်ဟု ဖော်ပြခဲ့သည်။ ထို့ပြင်တရုတ်နိုင်ငံ၏ခေတ်သစ်ပိုးလမ်းမ စီမံကိန်း- One Belt One Road- နှင့် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ စီးပွားရေးစင်္ကြံကိုလည်း ထောက်ခံခဲ့သည်။ ထို့ကြောင့် တရုတ်အကျိုးစီးပွားဆိုင်ရာ ကိစ္စများကို မြန်မာက သတိကြီးစွာထားကာ ကိုင်တွယ်ကြောင်း ပေါ်လွင်သည်ဟု ဆိုသည်။ ယင်းအခြေအနေများအရ မြန်မာ၏ တရုတ်နိုင်ငံဆိုင်ရာ မူဝါဒပြောင်းလဲသည်ကိုတွေ့ရသည်ဟု လေ့လာသူများက သုံးသပ်ကြကြောင်း စာတမ်း၌ဖော်ပြသည်။

စာတမ်းတွင် အခြားအရေးကြီးသည့် လေ့လာဖော်ပြချက်မှာ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ် တရုတ်၏အခန်းကဏ္ဍကြီးမားပုံဖြစ်သည်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘော တူစာချုပ် (NCA)တွင် တိုင်းရင်းသားလက်နက်ကိုင် (EAOs) ရှစ်ဖွဲ့သာ ၂၀၁၅ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သည်။ EAOs အားလုံး၏ ၈၀ ရာခိုင် နှုန်းသည် NCA ဘောင်အပြင်၌ ရှိနေသည်။ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော NLD အစိုးရအဖွဲ့တာဝန်ယူပြီးနောက် ၂၁ ရာစုပင်လုံပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံနှစ်ကြိမ်ကျင်းပခဲ့သည်။ ယင်းညီလာခံများ မတိုင်မီ တရုတ်သို့ဒေါ်အောင်ဆန်းစုကြည်သွားရောက်ခဲ့ခြင်းများရှိကြောင်း စာတမ်းက ဖော်ပြသည်။ ထိုခရီးစဉ်များတွင် ဒေါ်အောင်ဆန်းစုကြည်က တရုတ်သမ္မတရှီကျင့်ဖျင်(Xi Jinping)အား မြန်မာ့ငြိမ်းချမ်းရေးတွင် အပြုသဘောကူညီရန် တိုက်တွန်းတောင်းဆိုကြောင်း မီဒီယာသတင်းများတွင် ဖော်ပြချက်ကိုစာတမ်း၌ ထောက်ပြသည်။ ထို့ကြောင့် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ် အောင်မြင်ရေးအတွက် တရုတ်၏အရေးပါမှုကို NLD အစိုးရအဖွဲ့က အလေးထားစဉ်းစားပုံရကြောင်း စာတမ်းကဆိုသည်။

ဤအတောအတွင်း ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပခဲ့သည့် အစိုးရနှင့် မွန်ပြည်သစ်ပါတီ(NMSP)၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)တို့အကြား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ် (NCA)လက်မှတ်ထိုးပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့သည် တရုတ်နိုင်ငံ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာဆွန်ကော်ရှန်းအား နေပြည်တော်၌သီးခြားစီလက်ခံတွေ့ဆုံခဲ့သည်။ တရုတ်ကိုယ်စားလှယ် မစ္စတာဆွန်ကော်ရှန်းသည် NCA လက်မှတ်ထိုးပွဲတွင် ပြည်ပအသိသက်သေအဖြစ် ပါဝင်လက်မှတ်ထိုးခဲ့သည်။ တရုတ်ကိုယ်စားလှယ်က မြန်မာ့ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်ကို ဆက်လက်ကူညီမည်ဟု ဆိုခဲ့သည်။ ခြုံငုံသုံးသပ်ရလျှင် လက်ငင်းနိုင်ငံရေးအခင်းအကျင်းအရ စာတမ်းရှင် ခင်ခင်ကျော်ကြီး၏ "တရုတ်၏အလွှာစုံဆက်ဆံရေးမဟာဗျူဟာနှင့်မြန်မာနိုင်ငံ၏ပကတိအခြေအနေ"စာတမ်းသည် မျက်မှောက်တရုတ်-မြန်မာဆက်ဆံရေးအခြေအနေများကို အချက်အလက်အထောက်အထားအခိုင်အမာများဖြင့် ကြိုးစားတင်ပြထားသဖြင့် မြန်မာ့နိုင်ငံရေးစောင့် ကြည့်လေ့လာသူများနှင့် မြန်မာ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအလားအလာများကို လေ့လာနေသူတို့ ဖတ်ရှုလေ့လာရမည့်စာတမ်းတစ်စောင်ဟုဆိုရပါမည်။

♦ဖင်လင်း ♦

www.free4readers.com



# လွယ်မော်အဖွဲ့နှင့် တိုက်ခိုက်ခဲ့စဉ်က

ဇော်(တောင်တန်းပြာ)



ဘိန်းဘုရင်ခွန်ဆာ၏ လွယ်မော်တပ်ဖွဲ့များ

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၏ ဇုလိုင်မိုးသည် ထုံးစံအတိုင်း တဖွဲဖွဲရွာနေ၏။ မိုးသည် တဖွဲဖွဲရွာနေရာမှ တဖြည်းဖြည်းစဲသွားလိုက်၊ တော်ကြာပြယ်တော့မယောင်ယောင်နှင့် ခဏနေတော့ ပြန်လည်အုံ့မှိုင်းလာပြီး တဖွဲဖွဲပြန်ရွာလာလိုက်နှင့် အတောမသတ်နိုင်တော့ချေ။ ထိုသို့ တစ်နေကုန်တစ်နေခန်း တဖွဲဖွဲရွာနေသော မိုးရေကြားထဲတွင် ရန်သူသတင်းအရ မိုင်းယောမြို့မှ ခြေလျင်ခရီးဖြင့် ချီတက်လာကြသော ကျွန်တော်တို့ စစ်ကြောင်းသည် ကြွက်စုတ်ကလေးတွေလို ခိုက်ခိုက်တုန်နေကြ၏။ ကျွန်တော်တို့ စစ်ကြောင်း၏ ဦးတည်ချက်မှာ မိုင်းယောမြို့၏ တောင်ဘက်ရှိ မံမတ်ချောင်တွင်ဝင်ရောက်လှုပ်ရှားနေသော ဘိန်းဘုရင်ခွန်ဆာ၏အင်အား ၃၀၀ကျော် လွယ်မော်အဖွဲ့အား ပိတ်ဆို့တိုက်ခိုက်ရန်ဖြစ်လေသည်။ ထို့အပြင် အင်အား ၁၀၀ ကျော် ကေအိုင်အေအဖွဲ့သည် လွယ်မော်အဖွဲ့နှင့် ပူးပေါင်းလာသည်ဟု သတင်းရထားကြ၏။ ထိုသို့ဆိုလျှင် ရန်သူအင်အားက ၅၀၀ခန့်ရှိမည်ဖြစ်သည်။ သို့သော် မသေချာ။ ရာခိုင်နှုန်းနှင့်ဆို လျှင် ၅၀/၅၀ဖြစ်၏။ တကယ်တော့ ပူးပေါင်းလွယ်မော်အဖွဲ့အား ပိတ်ဆို့တိုက်ခိုက်ရန် ချီတက်လာသော ကျွန်တော်တို့စစ်ကြောင်းတွင် တပ်ရင်းမှ ထုတ်နုတ်တပ်စုလေးစုနှင့် လော်စစ်ဟန်၏ ကိုးကန့်တပ်စုပါငါးစုဖြင့် ဖွဲ့စည်းထားသော စစ်ကြောင်းဖြစ်လေသည်။ ထိုစဉ်က ကိုးကန့်ကာကွယ်ရေးခေါင်းဆောင် လော်စစ်ဟန်သည် ဗကပ တို့၏ ဗိုလ်ကျအနိုင်ကျင့်မှုကို မခံချင်သဖြင့် တပ်မတော်နှင့် မဟာမိတ်ဖွဲ့ထားခဲ့၏။ စစ်ကြောင်း တစ်ကြောင်းလုံး၏ စစ်ကြောင်းမှူးက စိနိယာဗိုလ်ကြီး ဗိုလ်ကြီးလှမြင့်ဖြစ်ပြီး တပ်ခွဲမှူးက ဗိုလ်ကြီးမြငြိမ်းဖြစ်သည်။ တပ်စု(၁) တပ်စုမှူးက ဗိုလ်ဝင်းမြင့်ဖြစ်ပြီး ကျွန်တော့်တပ်စိတ်က ဗိုလ်ဝင်းမြင့်တပ်စုကဖြစ်၏။ ထိုသို့ ချီတက်လာကြသော ကျွန်တော်တို့စစ်ကြောင်းတွင် ဗိုလ်ကြီးညီပုတပ်စုကရှေ့ပြေး ပွိုင့်တပ်စုဖြစ်သည်။

တစ်ချိန်လုံး မိုးရွာနေသည့်အပြင် တောင်တက်တောင်ဆင်းချည်းမို့ ခရီးကပင်ပန်းလှပါသည်။ တစ်လမ်းလုံး ရွံ့နွံတွေမို့ ရဲဘော်တချို့ တဗိုင်းဗိုင်းချော်လဲကြ၏။ ကျွန်တော်တို့မှာ ပင်ပန်းသည့်ကြားထဲက ချော်လဲသူကို ကြည့်ပြီး ဝိုင်းဟားကြသည်။ ကျွန်တော်ပင် မနည်းသတိထားပြီး သွားနေသည့်ကြားထဲကချော်လဲမိသဖြင့် ရဲဘော်တွေကဝိုင်းဟားကြ၏။ ကျွန်တော်တို့စစ်ကြောင်းသည် လမ်းတွင်နှစ်ညအိပ်ပြီးမှ မံမတ်ခွင်သို့ ရောက်လာကြလေသည်။ မံမတ်ခွင်ထဲတွင် လွယ်မော်အဖွဲ့နှင့် ကေအိုင်အေအဖွဲ့ အမှန်တကယ်ပင်ဝင်ရောက်လှုပ်ရှားနေကြောင်းသတင်းရထားကြ၏။ထို့ကြောင့် အထူးသတိထားပြီး ချီတက်လာကြသည်။ ကျွန်တော်တို့စစ်ကြောင်းသည် ပေါ့ပါးသွက်လက်မှုကို ဦးစားပေးချီတက်လာရသဖြင့် ၈၁မမ စိန်ပြောင်းလို၊ ၇၅ မမနောက်ပွင့်လို လက်နက်ကြီးမျိုးတွေပါမလာကြပါ။ အကြီးဆုံးလက်နက်ဆို၍ စက်လတ်တစ်လက်နှင့် တပ်စုသုံးနှစ်လက်မ မော်တာလေးများသာပါလာကြသည်။ လွယ်မော်အဖွဲ့ဆိုတာက ဘိန်းဘုရင်ခွန်ဆာ၏ လက်နက်ကိုင်အဖွဲ့ကို ဆိုလိုခြင်းဖြစ်သည်။ ခွန်ဆာသည် ဘိန်းမှောင်ခိုလုပ်ငန်းများကြောင့် အစိုးရ၏ ဖမ်းဆီးခြင်းခံခဲ့ဖူးသည်။ နောက်ပိုင်းတွင် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့်ပြန်လည်လွတ်မြောက်လာခဲ့ပြီး ကျေးရွာကာကွယ်ရေး ခေါင်းဆောင်လုပ်ခဲ့၏။ သို့သော် ဘိန်းမှောင်ခိုလုပ်ငန်းများ ပြန်လည်လုပ်ကိုင်သဖြင့် တပ်မတော်မှ သွားရောက်ဖမ်းဆီးရာ အဖမ်းမခံဘဲ တောပြန်ခို သွားသူဖြစ်သည်။ ခွန်ဆာသည် ရှမ်း-တရုတ်ကပြားဖြစ်ပြီး တန့်ယန်းမြို့နယ် လွယ်မော်ရွာဇာတိဖြစ်၏။ ထို့ကြောင့် သူ၏လက်နက်ကိုင်တပ်ဖွဲ့ကိုလည်း လွယ်မော်သောင်း ကျန်းသူအဖွဲ့ဟု ခေါ်ကြခြင်းဖြစ်သည်။ခွန်ဆာသည် သူ၏လွယ်မော်တပ်ဖွဲ့ကို အင်အားတောင့်တင်းအောင်ဖွဲ့စည်းခဲ့ပြီး ဘိန်းမှောင်ခိုလုပ်ငန်းကိုလည်း အကြီးအကျယ်လုပ်ကိုင်လာခဲ့သည်။

တကယ်တော့ ဘိန်းဘုရင်ခွန်ဆာ၏ လွယ်မော်အဖွဲ့သည် ဘိန်းမှောင်ခိုလုပ်ငန်းများအားအစိကကာကွယ်ပေးသည့်တပ်ဖွဲ့ဖြစ်သည်။ ထို့ကြောင့် လွယ်မော်အဖွဲ့သည် တပ်မတော်စစ်ကြောင်းများအား ထိပ်တိုက်ရင်ဆိုင်ခြင်းမျိုးမပြုကြဘဲ အတတ်နိုင်ဆုံးရှောင်ကြလေသည်။ သူတို့၏ ဘိန်းမှောင်ခိုလုပ်ငန်းအား ထိခိုက်လာသည့်အခါကျမှ မလွဲသာမရှောင်သာရင်ဆိုင်တိုက်ခိုက်ကြလေသည်။ အခုလည်း ဘိန်းဘုရင်ခွန်ဆာ၏ လွယ်မော်တပ်ဖွဲ့သည် လားရှိုးမြို့အရှေ့ခြမ်း မိုင်းယောမြို့လေး၏တောင်ဘက် မံမတ်ခွင်ထဲသို့ ဝင်ရောက်လှုပ်ရှားကြလေပြီ။ သူတို့နှင့် အလိုတူအလိုပါ ကေအိုင်အေက အဆစ်ပါလိုက်သေး၏။ ကေအိုင်အေအဖွဲ့ကလည်း ဘိန်းလုပ်ငန်းနှင့်မကင်းချေ။ ဘိန်းမှောင်ခိုလုပ်ငန်းသည် လူသားအားလုံးကို လူညွှန့်တုံးစေသည့် မူးယစ်ဆေးဝါးလုပ်ငန်းမို့ တပ်မတော်အဖို့ လက်ပိုက်ကြည့်နေ၍မဖြစ်ပါ။ ထို့ကြောင့် ထိုလွယ်မော်အဖွဲ့အား ပိတ်ဆို့ တိုက်ခိုက်ရန် ချီတက်လာခဲ့ကြခြင်းဖြစ်သည်။ ကျွန်တော်တို့စစ်ကြောင်း လောလောဆယ် ခရီးစဉ်အဆုံးက မံမတ်ခွင်ထဲရှိ အိမ်ခြေ ၂၀ ကျော် ခန့်ရှိသော မံမတ်ရှိုးရွာလေးဖြစ်၏။ ကျွန်တော်တို့စစ်ကြောင်း မံမတ်ရှိုး ရွာလေးရောက်တော့ ညနေစောင်းသွားပြီ။ တောင်ကုန်းတွေကွယ်နေသဖြင့် နေလုံးကိုပင် မမြင်ရတော့ချေ။ ရွာဝင်ခါနီးတွင် တောင်ကြောတစ်ခုကို မသက်ကြသဖြင့် ကျွန်တော်တို့တပ်စုက ဖြန့်ခွဲပြီးတက်ရှင်းကြသည်။ ထိုသို့ တက်ရှင်းကြစဉ် ကျွန်တော့်ပွိုင့်တပ်စိတ်ကို လွယ်မော်ကင်းအဖွဲ့က အရင်မြင်သွားပြီး စတင်ပစ်ခတ်ကြသဖြင့် ထိတွေ့မှုဖြစ်ကြသည်။ သို့သော် လွယ်မော်ကင်းအဖွဲ့သည် ကျွန်တော်တို့တပ်စုကို ကြာကြာမခုခံဘဲ ပြန်ဆုတ်သွားကြ၏။ ထိုထိတွေ့မှုတွင် ကျွန်တော်တို့တပ်စုမှ ထိခိုက်သူမရှိသလို လွယ်မော်ကင်းအဖွဲ့လည်း ထိခိုက်သူမတွေ့ရချေ။ အခြေအနေအရ လွယ်မော်ဘိန်းအဖွဲ့ မံမတ်ရှိုးရွာ ပတ်ဝန်းကျင်တွင် ရောက်နေသည်မှာသေချာပြီဖြစ်သည်။

မှောင်စပြုလာသဖြင့် ကျွန်တော်တို့တပ်စု လွယ်မော်ကင်းအဖွဲ့နှင့် ထိတွေ့ခဲ့သည့် တောင်ကြောပေါ်မှာပင် စစ်ကြောင်းတစ်ကြောင်းလုံး ဖြန့်ခွဲ၍ စခန်းချလိုက်ကြသည်။ ကျွန်တော်တို့ စစ်ကြောင်းသည် တစ်ယောက်တစ်ထိုင်စာ ကတုတ်ကျင်းလေးတွေကို ကိုယ်စီပါလာကြသည့် စစ်သုံးခေါက်ဂေါ်ပြားလေးတွေဖြင့်တူးပြီး ပတ်ပတ်လည် ယာယီခံစစ်လုပ်ထားကြသည်။ ထိုအချိန်မှာပင် ခပ်လှမ်းလှမ်းတောင်ကြားတစ်နေရာမှ ဖောင်းခနဲဖောင်းခနဲ လက်နက်ကြီး ပစ်သံနှစ်ချက်ကြားရပြီး ကျွန်တော်တို့စစ်ကြောင်းနေရာယူထားသော တောင်ကြောနှင့်မလှမ်းမကမ်းတွင် ဝုန်းခနဲဝုန်းခနဲ ပေါက်ကွဲကုန်ကြသည်။ လက်နက်ကြီးက ၈၁ မမဖြစ်သည်။ လွယ်မော်အဖွဲ့မှာ ပေါ့သေးသေးတော့ မဟုတ်ချေ။ ၈၁ မမ လို လက်နက်ကြီးမျိုး တောင်ကိုင်နိုင်လို့ပါလား။ လွယ်မော်အဖွဲ့သည် ညတိုက်ပွဲများ ဆင်နွှဲလာလေမလားဟု တစ်ဝက်အိပ်တစ်ဝက်နိုးစနစ်ဖြင့် နေရာယူထား ခဲ့ကြသော်လည်းညတိုက်ပွဲဖြစ်မလာခဲ့ပါ။ လွယ်မော်တွေ သည်လောက်အထိ မိုက်မဲမည်မထင်ချေ။ ကျွန်တော် တို့စစ်ကြောင်းသည် မိုးလင်းသည်နှင့်တစ်ပြိုင်နက် မံမတ်ရှိုးရွာဆီသို့ ဆက်လက်ချီတက်လာကြ၏။ မံမတ်ရှိုး ရွာက အတော်လေးလှမ်းနေသေး၏။ ဗိုလ်ကြီးဝင်းမြင့် ဦးစီးသော ကျွန်တော်တို့တပ်စုသည် လမ်းကြောင်းမသုံးဘဲ တောင်ကြောတွေအတိုင်း ချီတက်လာကြသည်။ ကျန်သည့်တပ်စုလေးစုက တောင်အောက် ပြန်ဆင်းပြီး လှည်းလမ်းကြောင်းအတိုင်း ချီတက်သွားကြသည်။ ထိုအစီအစဉ်အတိုင်း ချီတက်လာကြရာ ပွိုင့်တပ်စုနှင့် တောင်ကြောပေါ်က ကျွန်တော်တို့တပ်စု ရွာဝင်ခါနီးလေးတွင် ဗိုလ်ကြီးညီပု၏ နောက်ပိတ်တပ်စုအား လွယ်မော်အဖွဲ့၏ ချုံခိုအတိုက်ခံရပြီးတိုက်ပွဲဖြစ်ကြသည်။ ပလောက်ပလောက်နှင့် လွယ်မော်အဖွဲ့၏ သေနတ်သံများကြားရသည်။ ခဏနေတော့ သေနတ်သံတွေရပ်စဲသွား၏။ ဗိုလ်ကြီးညီပုတပ်စုမှ ဆရာနှစ်ယောက် ဒဏ်ရာရသည်ဟုသိရသည်။

ကျွန်တော်တို့တပ်စုသည် တိုက်ပွဲဖြစ်သံကြားသည်နှင့် ရွာထဲမဝင်တော့ဘဲ တောင်ကြောပေါ်မှာတင် နေရာယူထားလိုက်ကြပါသည်။ ဗိုလ်ကြီးညီပုတပ်စုလည်း ရှေ့ကစစ်ကြောင်းနှင့် မပူးပေါင်းတော့ဘဲ အသာစီးရရေးအတွက် နီးရာတောင်ကြောတစ်ခုပေါ် တက်ရောက်နေရာယူထားကြလေသည်။ ကျွန်တော်တို့တပ်စု လက်ရှိနေရာယူထားသည့် တောင်ကြောနှင့် ခပ်လှမ်းလှမ်းရှိ မျက်နှာချင်းဆိုင်တောင်ကြောသည် ကျွန်တော်တို့ စစ်ကြောင်း တစ်ညစခန်းချခဲ့သည့် တောင်ကြောဖြစ်နေ၏။ ထိုတောင်ကြောအားမျှော်ကြည့်ကြရာ မည်းမည်းမည်းမည်းနှင့် လွယ်မော်နှင့် ကေအိုင်အေပူးပေါင်းအဖွဲ့ တက်ရောက်နေရာယူနေသည်ကို လှမ်းမြင်ကြရပါသည်။လွယ်မော်ပူးပေါင်းဖွဲ့သည်ကျွန်တော်တို့ အိပ်ခဲ့သည့် တောင်ကြောပေါ် နေရာယူထားသလို အင်အား ၄၀ ကျော်ခန့်ရှိသော လွယ်မော် နောက်တစ်ဖွဲ့သည်ဗိုလ်ညီပုတပ်စုနေရာယူထားသော တောင်ကုန်းအား တဖြည်းဖြည်းချဉ်းကပ်ပြီး တက်တိုက်ကြသည်။ သို့သော် ဗိုလ်ကြီးညီပုတပ်စုမှ အနီးကပ်ခံပြီး ရုတ်တရက်ပစ်ချလိုက်ရာ လွယ်မော်အဖွဲ့ ခြောက်ယောက်ခန့် ကျဆုံးသွားပြီး အလဲလဲအပြိုပြိုနှင့် ဆုတ်ပြေးသွားကြလေသည်။ လွယ်မော်အဖွဲ့သည်ဗိုလ်ကြီးညီပုတပ်စုအား တိုက်၍ မအောင်မြင်သောအခါ ကျွန်တော်တို့တပ်စုဘက်လှည့်၍ တိုက်ခိုက်လာကြသည်။ သို့သော် ပစ်အားသိပ်မကောင်းချေ။မတိုက်ရဲတိုက်ရဲနှင့် တိုက်လာကြပုံ ပေါ်သည်။ အထူးသဖြင့် ကျွန်တော်တို့ ညအိပ်ခဲ့သည့် တောင်ကြောပေါ်မှနေ၍ ၅၇ မမ နောက်ပွင့်ဖြင့် တဂျိုင်းဂျိုင်းပစ်ခတ်လာကြ၏။ ပြီးတော့ ဗိုလ်ကြီးညီပုနေရာယူထားသော တောင်ကုန်းကိုလည်း လှမ်းပစ်ကြရာ ဗိုလ်ကြီးညီပုတပ်စုမှ ရဲဘော်နှစ်ယောက် ၅၇ မမ ထိမှန်ပြီး ကျဆုံးသွားကြသည်။ လွယ်မော်အဖွဲ့သည် အသေခံ၍ တိုက်ခိုက်ခြင်းမျိုးမလုပ်ဘဲ ၅၇ မမနောက်ပွင့်ဖြင့်တစ်ချိန်လုံး ပစ်ခတ်နေကြ၏။ သို့သော် ၅၇ မမ နောက်ပွင့်ကို ကေအိုင်အေအဖွဲ့က ပစ်ခတ်နေသည်ဟု ယူဆကြသည်။

နောက်တစ်နေ့ မိုးလင်းသည်နှင့်တစ်ပြိုင်နက် ဗိုလ်ကြီးဝင်းမြင့်၏ စုရုံးနှစ်စိတ်နေရာယူထားသောတောင်ကုန်းနှင့် ကျွန်တော့်တပ်စိတ်နေရာယူထားသော တောင်ကုန်းပေါ်သို့ ၅၇ မမ လက်နက်ကြီးတွေ တဂျိုင်းဂျိုင်းပစ်ခတ်လာကြ၏။ ကျွန်တော်တို့စစ်ကြောင်း တစ်ညအိပ်ခဲ့သည့် တောင်ကြောပေါ်မှ လှမ်းပစ်ကြ ခြင်းဖြစ်သည်။ တောင်မြောက်တန်းနေသော တောင်ကုန်းများတွင် ဗိုလ်ကြီးဝင်းမြင့်တပ်စုနှင့် ကျွန်တော့်တပ်စိတ်နေရာယူထားသော တောင်ကုန်းက အမြင့်ဆုံးဖြစ်၏။ ထို့ကြောင့် လွယ်မော်တို့အတွက် အန္တရာယ်ကြီးသည်။ ထို့ကြောင့်ကျွန်တော်တို့တပ်စု နေရာယူထားသော တောင်ကုန်းနှစ်ကုန်းအား အဓိကထားပြီး တိုက်ခိုက်လာကြပါသည်။ အင်အား ၂၀၀ ကျော်ခန့်ရှိသော လွယ်မော်ပူးပေါင်းအဖွဲ့သည် တောင်ခြေသို့ကပ်၍ ကုန်း ကုန်းကုန်းကုန်းနှင့်တက်လာကြရာ ကျွန်တော်တို့ကလည်း ကျည်ဆန်တွေသွန်ချသလို ဝေါခနဲဝေါခနဲ ပစ်ခတ်ကြ၏။ ပူးပေါင်းလွယ်မော်အဖွဲ့သည် အနားသို့ပင် ကပ်မလာနိုင်ကြပါ။ ကျဆုံးသူအချို့ကို ကုန်းပိုးထမ်း၍ ဒရောသောပါး ပြန်ဆုတ်သွားကြလေသည်။ တိုက်ပွဲဖြစ်နေသည့်ကြားထဲက မိုးကလည်း ရွာလိုက်သေး သည်။ သို့သော် ကျွန်တော်တို့တပ်စုမှူး ဗိုလ်ကြီးဝင်းမြင့် ကံဆိုးသွားသည်။ လွယ်မော်အဖွဲ့ပစ်လိုက်သည့်ကျည်ဆန်တစ်တောင့်က ဗိုလ်ကြီးဝင်းမြင့်ခေါင်းကို ထိမှန်သွားခဲ့၏။ ဗိုလ်ကြီးဝင်းမြင့် ဒဏ်ရာရသွားတော့ တပ်ခွဲအရာခံဗိုလ် ခင်မောင်ဦးရောက်လာပြီး ကျွန်တော်တို့တပ်စုကို ဆက်လက်ကွပ်ကဲသည်။ ဆရာကြီး ခင်မောင်ဦးလည်း ကံမကောင်းရှာပါ။ ကျွန်တော်တို့တပ်စုသို့ ရောက်လာပြီး မကြာမီမှာပင် သူနေရာယူ ထားသော ကတုတ်ကျင်းထဲသို့ ၅၇ မမ ကျရောက်ပေါက်ကွဲ၍ ပွဲချင်းပြီး ကျဆုံးသွားပြန်သည်။ တပ်စုကို တပ်စုတပ်ကြပ်ကြီး သိန်းအောင်က ဆက်လက်ကွပ်ကဲသည်။ ပူးပေါင်းလွယ်မော်အဖွဲ့သည် ကျွန်တော်တို့တပ်စု နေရာယူထားသည့် တောင်ကုန်းနှစ်ကုန်းအား အကြိမ်ကြိမ်တိုက်ခိုက်ကြသော်လည်း မအောင်မြင်သဖြင့် လက်လျှော့သွားကြပုံရ၏။ ညနေ ၃ နာရီကစပြီး တက်မလာ[illegible]တော့ချေ။

မိုးကလည်း ဖွဲတစ်လှည့် စဲတလှည့်ရွာနေ၏။ ကျွန်တော့်တပ်စိတ်နေရာယူထားသော တောင်ကုန်း သည် ကန်တော့ချွန်ကြီးမှောက်ထားသလို ထိပ်ချွန်ပြီး တောင်ကတုံးဖြစ်သည်။ ထို့ကြောင့် အင်အားခြောက်ယောက်သာရှိသောကျွန်တော့်တပ်စိတ်ပင် ကပ်ကပ်သပ်သပ်နေရာယူထားရသည်။ ကျွန်တော့်တပ်စိတ်သည် စစ်စိမ်းရောင်မိုးကာလေးတွေ ကိုယ်စီခြုံရင်း ဆက်လက်နေရာယူထားကြသည်။ ထမင်းချက်ချိန်လည်းမရသဖြင့် စစ်ကြောင်းရုံးမှပို့ပေးသော ထမင်းထုပ်တွေနှင့် အသက်ဆက်ကြရပါသည်။

စာမျက်နှာ (၂၀) သို့

www.free4readers.com



## ကြိုးစင်ပေါ်ကရောဝတီ

# မပစ်နဲ့ ! ငါဟာအောင်ဆန်းဖြစ်တယ်

# Don't Shoot! I'm Aung San.

အရေးတော်ပုံတပ်သားမင်းဒင်



ဗမာ့ထွက်ရပ်ဂိုဏ်းကြီး (Freedom Bloc)အကြောင်းရေးနေစဉ်မှာပဲ ခုခေတ်ဗမာတွေ၊ မြန်မာတွေ ဘာထွက်ရပ်လမ်းတွေများ ပေါက်ကုန်ပြီလဲလို့ နှိုးနှောဖလှယ်ကြည့်တဲ့အခါ အမုန်းနဲ့အာဃာတတွေသာ ဒီမြေပေါ်မှာ ရှင်သန်ပေါက်ရောက်နေပြန်ပါတယ်။ မမုန်းနဲ့ချစ်ကြ၊ မချစ်လည်းနေ မမုန်းကြနဲ့လို့ဆိုချင်တဲ့အခါမှာ သမိုင်းအသေတွေကို ပြန်ပြီးအသက်ဝင်လာကြပါစေပေ့။ ဘယ်လိုသမိုင်းမျိုးလဲဆိုတော့ ဗမာ့ထွက်ရပ်ဂိုဏ်းနဲ့ ဖဆပလအဖွဲ့ချုပ်ကြီးတို့ အကြောင်းဟာ ပြောလို့အကောင်းဆုံးပါ။ တို့ဗမာအစည်းအရုံးကတော့ ကွဲရုံပြဲရုံ ဇာတ်လမ်းပဲ၊ ပြိုင်ဘက်တွေ၊ ရန်ဘက်တွေ၊ မချစ်သော်လည်းအောင့်ကာနမ်းပြီး လွတ်လပ်ရေးလမ်းကို လျှောက်ရဲတယ်။ နောင်တစ်ချိန်မှာ တစ်ဦးနဲ့တစ်ဦး တစ်ဖွဲ့နဲ့တစ်ဖွဲ့သေဖို့ သတ်ဖို့ နောက်ကျောမခိုင်းရဲဖို့အထိ ပြင်ဆင်မယ့်သူတွေဟာ အင်္ဂလိပ်ကိုတော်လှန်ဖို့ ညီခဲ့ကြတယ်။ လွတ်လပ်ရေးကို ညွှတ်ခဲ့ကြတယ်။ ခုခေတ်မှာပြန်ကြည့်၊ အရင်က အလဲထိုးခံခဲ့ရစဉ်မှာတုန်းက အသက်ပေးပြီးချစ်ခဲ့ကြတဲ့သူတွေ ခုတစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင် ကလေးတောင်မှ အသိမပေးနိုင်တော့။ အရင်က ဓားမိုးပြီး နန်းတော်ထဲမှာ တစ်ယောက်အာဏာကို တစ်ယောက်က မျက်စောင်းထိုးခဲ့ကြသူတွေက ခုမှသံဃာစင်အောက်မှာ ညီလို့ညွတ်လို့။ နောင်ကာလမှာကော ခုချိန်မှာပါ မင်းဒင်တို့မြန်မာပြည်ကြီးတစ်ထီးတစ်နန်းဖြစ်ဖို့ရာ ဓားမိုးလှံထမ်းတွေရော သွေးငေါက်တောက်ပန်းပြီး ခြောက်ခန်းလုနီးနီးမှာ နရသိန်မှာသွားအိပ်ပျော်နေခဲ့ရသူတွေရဲ့ အသည်းတွေတိုင်းပြည်အတွက် မာဖို့လိုပါတယ်။ အနာဂတ်အတွက်အသိတွေ ကျန်းမာဖို့လိုပါတယ်။ မျိုးဆက်သစ်မောင်တွေ မယ်တွေအတွက် မတူကွဲပြားသော်လည်း ခမ်းနားစွာနိုင်ငံသစ်တစ်ခုရဲ့ အခင်းအကျင်းကိုရဖို့ မင်းဒင်တို့က စတင်လို့မိတ်ဖွဲ့ချင်တယ်။ အဆွေခင်ပွန်းဖွဲ့ချင်တယ်။ တိုင်းပြည်ကို တည်မယ့်တိုင်ကိုကိုင်ကိုင်ပြီး နဲ့နေတဲ့ဟောပြောပွဲ၊ ဂိုဏ်းဖြူပိုက်နဲ့သံဃာစင်တွေတင်မကနောက်ထပ်လာလတ္တံ့သော အယူများ၊ အစွဲများ၊ အစွန်းအထင်းများနဲ့တကွ ဘုရားရှင်ခေတ်က တိတ္ထိ၊ တဏ္ဍတွန်းတွေများ ဝင်စားဟောပြောကြတဲ့ ကိုယ့်နိုင်ငံရေး၊ လှံနဲ့ဓားနဲ့တစ်ဖွေးဖွေး၊ တက်ထောင်ခရာမှုတ်၊ ပြည်သူပြည်သားပါတီအသစ်ကြီးများကိုလည်း ဗမာ့ထွက်ရပ်ဂိုဏ်းကြီးထဲမှာပဲ စဉ်းစားကြစေချင်ပါတယ်။

ရှေးရှေးတုန်းက ဗမာ့ထွက်ရပ်ဂိုဏ်း(၁၉၃၉)ခေါင်းဆောင်တွေ၊ ပါဝင်သူတွေဟာ YMBA, GCBA, ၂၁ဦး၊ သရာဇ၊ ပြည်သူပြည်သား၊ ငါးပွင့်ဆိုင်၊ မျိုးချစ်၊ ဆင်းရဲသားဝံသာနု၊ ကိုယ့်မင်းကိုယ်ချင်း၊ ဖေဘီယန်၊ ရဟန်းပျို၊ ဗကသ၊ တကသ၊ တို့ဗမာအစည်းအရုံးက မူလပထမတွေပါမကျန် ထွက်ရပ်ပေါက် တော်လှန်ရေးထဲကို ဝင်ဝင်လာပါတယ်။ အချိန်ခဏလေးပဲကြာပေမယ့် ဒီထွက်ရပ်ဂိုဏ်းက တစ်ကယ်ပဲ ထွက်ရပ် ပေါက်ခဲ့တယ်။ ရဲဘော်သုံးကျိပ်တဲ့။ BIA, BDA, BNA, PDF တို့ရဲ့အလွန်မှာ ပေါင်းခဲ့တဲ့ ဖက်ဆစ်တွေကို တိုက်ခဲ့တယ်။ ပေါင်းခဲ့တဲ့အင်္ဂလိပ်တွေကို တိုက်ရတယ်။ တစ်တိုက်တည်းတိုက်၊ တစ်ချီတည်းချီ၊ မညီတာတောင်မှ တစ်သံတည်းထွက်ကြတဲ့ မြန်မာတွေ၊ ခုဒီဘက်ခေတ်မှာ အင်္ဂလိပ်အခက်၊ ဗမာအချက်လို့ ပြန်အော်စရာ ထပ်အော်စရာမရှိတော့ဘူးများထင်နေကြလို့လား။ ခုလည်း အင်္ဂလိပ်အခက်ကတော့ အင်္ဂလိပ်အခက်ပဲ။ ဒါပေမယ့် မင်းဒင်တို့မြန်မာတွေက ဒါအချက်ပဲ။ ဒါအကွက်ပဲလို့ ကမ္ဘာကြည့်ကြည့်။ ဂန္ဒီကြီးရဲ့ဆားပုန်ကန်မှုနဲ့ပဲကြည့်ကြည့်၊ အင်္ဂလိပ်ရဲ့အခက်အခဲကိုကြည့် လို့ရပါတယ်။ ဒါကြောင့် သူတို့ရပ်တည်ဖို့ရာ လန်ဒန်မြို့တော်ကြီး ဝိတိုရိယ ခေတ်ကြီးဆိုတာ နောင်အနှစ် ၅၀၀မှာ မသက်သာစရာသမိုင်းဖြစ်မယ့် အခြေအနေနဲ့ယခုပဲမွဲဖို့ ငတ်ဖို့ဘဝမျိုးမရောက်အောင်လို့ အရှေ့အလယ်ပိုင်းဒေသ၊ အာရေဗျကို လောရင့်စ်ကိုပို့ခဲ့တယ်။ အရူးတစ်ယောက်လို လန်ဒန်ကထွက်ခွာသွားပြီးတော့မှ ပြန်လာမှသူရဲကောင်းတစ်ပိုင်းဖြစ်ခဲ့၊ လန်ဒန်ရဲ့မူဝါဒတစ်ပိုင်းဖြစ်ခဲ့တဲ့ လောရင့်စ်ဟာ အာရပ်တွေနဲ့ အော်တိုမန်အင်ပါယာကို ဖြိုချခဲ့တယ်။ ခုတော့လောရင့်စ်ရဲ့အာရေဗျဟာ လောရင့်စ်အာရေဗျမဟုတ်တော့ဘူး။ လန်ဒန်ရဲ့မူဝါဒဖြစ်သွားပြီ။ လန်ဒန်ဟာလည်း လန်ဒန်ပဲဖြစ်ချင်တယ်။ လှည်းသားငါးရာနဲ့ စိမ့်မြေဗွက်တောတွေနဲ့ လန်ဒန်ရဲ့ဘဝအစကို ဘယ်အင်္ဂလန်သားမှ ပြန်မသွားချင်ဘူး။

ဒီတော့ကမ္ဘာကြီးမှာ သွေးတိတ်သွားတဲ့ဒဏ်ရာမမြင်ချင်ဘူး။ အသံတိတ်သွားတဲ့ အမြောက်ဆံ၊ ဗုံးဆံ၊ ကျည်ဆန်တွေကို မလိုချင်ဘူး။ အဏာကလေးလက်တစ်ဆုပ်စာလောက်ဖြန့်ပြပြီး ကိုယ့်တိုင်းပြည်ထဲမှာ ကိုယ်တိုင်ပြဌာန်းထားသလိုဖြစ်နေတဲ့ ပြည်တွင်းစစ်နဲ့ ပဋိပက္ခနဲ့ လူမျိုးရေးတွေနဲ့ ငွေကျည်ဆန်တွေ၊ ရေနံကျည်ဆန်တွေနဲ့ ပစ်လိုက်တဲ့အချိန်မှာ မင်းဒင်တို့က မြန်မာ့အချက်လို့ ရအောင်အော်ရမယ်။ ရအောင်ထူထောင်ရမယ်။ လန်ဒန်ရဲ့လူ့အခွင့်အရေးကို ပေးချင်တယ်။ လန်ဒန်သူ လန်ဒန်သားတွေရဲ့ ရှေ့ရေးကိုလည်း ဖေးကူချင်တယ်။ ဒါပေမယ့် အရင်လိုပဲ လောရင့်စ်တွေမလွှတ်နဲ့။ အရင်လိုပဲ ICSတွေမမွေးနဲ့။ အရင်လိုပဲ ဆူကာနိုတို့၊ အောင်ဆန်းတို့ကို လိုက်မသတ်နဲ့။ ဂျွန်ဦးစောနဲ့ဗိုလ်ချုပ် အောင်ဆန်းတို့တွေ့ပြီး မပစ်နဲ့။ မင်းဒင်ပြောချင်တယ်။ Don't shoot! I'm Aung San. မပစ်နဲ့! ငါဟာအောင်ဆန်းဖြစ်တယ်။ I'm worth more to you alive than dead. မင်းတို့အသက်ရှင်နေတာထက် အောင်ဆန်းဟာ ပိုပြီးတန်ဖိုးရှိတယ်။ တစ်ကယ်တော့ ဂျွန်ဦးစောကို အရင်ဆုံးပစ်လိုက်တဲ့ ကျည်ဆန်တစ်တောင့်ဟာ Clone ကလုန်း၊ ပုံတူမျိုးပွားကျည်ဆန်ပေါင်း ၁၃တောင့်ပစ်တာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ရင်ဘတ်ထဲ စူးဝင်ခဲ့ပါတယ်။ အောင်ဆန်း-အက်တလီနောက်ပိုင်းမှာ ဘယ်အရာကိုမှ ဘယ်လွတ်လပ်ရေးကိုမှ ဘယ်တပ်မတော်အရေးကိုမှ ဘယ်နိုင်ငံရေးသမားကိုမှ ဘယ်လိုနောင်ထပ်လုပ်ကြံမှုမျိုးကိုမှ ဗိုလ်ချုပ်အောင်ဆန်း ဝင်ပါလို့မရတော့ပါဘူး။ တစ်ကယ်တော့ ကျည်ဖူးတစ်ဖူးတည်းပါ။ မျက်မှန်ကွဲပြီး မျက်စိထောင့်နားမှာ ဒဏ်ရာရသွားတာလို့ မင်းဒင် မယုံကြည်ခဲ့။ တိုင်းပြည်ပြိုကွဲပြီး တိုင်းပြည်ရဲ့နားကြီး မျက်စိကြီးတွေ သေပွဲသတ်ပွဲဖြစ်ခဲ့ရတာလို့ပဲ တရားရှုမှတ်မိတယ်။ တစ်ကယ်လည်း မင်းဒင်တို့ပြည်ထောင်စုကြီးက သွေးမတိတ်နိုင်တဲ့အနာကြီးပါလား။ ဒါကြောင့် မပစ်နဲ့၊ မပစ်နဲ့လို့ အော်နေတာ။ ခုလည်း အဲဒီလိုအော်ပါရစေ။ တစ်ယောက်နဲ့တစ်ယောက်၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့မပစ်နဲ့။ မပစ်နဲ့လို့ပြောနေရတာ။ ဒါဟာပြည်ထောင်စုကြီးကို ပစ်နေမိတာ။ ဒါဟာ လန်ဒန်ကကျည်ဆန်၊ ဒါဟာ ကုလသမဂ္ဂကျည်ဆန်၊ ဒါဟာအရှေ့အလယ်ပိုင်းကကျည်ဆန်၊ ဒါဟာ အနောက်အိမ်နီးချင်းက ကျည်ဆန်၊ ပြင်ပကျည်ဆန်များအားလုံးသည် ဥပဒေကိုအမှီပြု၍ အသက်ဝင်ကြီးထွားလာချိန်မှာ မင်းဒင်က မပစ်နဲ့လို့အော်တာ။ ပြည်တွင်းက မရိုးသားတဲ့သေနတ်ပြောင်းဝများကို အော်ဟစ်ပြီး ရပ်တန့်ခိုင်းတာပါ။ ပြည်ပက ဘယ်လိုအမှောင့်ပယောဂနဲ့ ဒေါသမာန်တွေ လှိုင်းတံပိုးကဲ့သို့ ရုန်းကြွလာပါစေ။ ပြည်တွင်းမှာတစ်ဦးနဲ့တစ်ဦး မချစ်ရင်တောင်မှ မမုန်းကြဘူးဆိုရင် သမိုင်းတင်လို့ရပြီ။ မော်ကွန်းတင်လို့ရပြီ။ ဒါကြောင့် မပစ်နဲ့။

မင်းတို့အသက်ရှင်နေတာထက် ငါဟာပိုပြီး တန်ဖိုးရှိတယ်ဆိုတာ ခုငါဟာပြည်ထောင်စုဖြစ်တယ်။ ခုငါဟာ ၂၁ရာစုပင်လုံငြိမ်းချမ်းရေးညီလာခံဖြစ်တယ်။ ခု ငါဟာ မနေ့ကမွေးတဲ့ ဒီနေ့မွေးတဲ့ မနက်ဖြန်မှာမွေးဖွားလာမယ့် ကလေးငယ်များအတွက်ပဲဖြစ်တယ်။ နိုင်ငံရေးဟာ မင်းတို့ရဲ့ကိုယ်ပိုင်သမိုင်းတွေထက် တစ်သွေးတစ်မွေးလှပတယ်။ မင်းတို့ရဲ့ကျမ်းကျိန်စာတွေထက် ဂုဏ်နဲ့ ဒြပ်နဲ့ ကျက်သရေဝင့်ဝင့်ထည်ထည်ရှိတယ်။ မင်းတို့နှလုံးသားတွေက အတ္တနဲ့ မည်းပုပ်လောင်မြိုက်နေတာတွေကို အသည်းအစားထိုးလဲရမယ်။ နှလုံးအစားထိုးလဲရမယ်။ ခုချိန်ထိမင်းတို့ရဲ့မူသာဝါဒတွေ ကောင်းကင်ပေါ်မှာ ပြည့်နေရင် ခုချိန်ထိ ပြည်ပက လင်းတတွေ မင်းဒင်တို့ လေထုပေါ်မှာ တောင်ပံခတ်နေသေးရင် ဧရာဝတီမြစ်ရေနဲ့ ဆေးလို့လည်းမစင်နိုင်ဘူး။ မေခ၊ မလိခနှင်းရည်နှင်းပေါက်ရေနဲ့ လေတွေကလည်း ဆေးဖို့ရာမစင်နိုင်ဘူးလေ။ ပြည်ထောင်စုအမွေဆိုတာ အခုမင်းဒင်တို့ရထားတာ ပြည်တွင်းစစ်၊ နောက်လာနောက်သားတွေကို ဆိုးမွေမပေးရစ်နဲ့တော့။ ပြည်ထောင်စုရဲ့အမွေမှာ ကောင်းမွေတစ်ခုပဲကျန်တယ်။ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ ဖက်ဒရယ်ပြည်ထောင်စုရေးကို သာပေးနိုင်ရင် မူသာဝါဒတွေ လေထုထဲမှာ သေဆုံးသွားမယ်။ ကောင်းကင်ယံပေါ်က လင်းတတွေ အဝေးကိုပျံသန်းထွက်ခွာရလိမ့်မယ်။ ဒါကြောင့် Don't shoot, Don't shoot လို့အော်နေတာ။ မင်းဒင်အော်သံဟစ်သံတွေကို နားမထောင်ချင်ရင် မသေခင်က ကိုယ်တိုင်ရေးသွားတဲ့ အင်္ဂလိပ်စာအုပ်ထဲက ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဗမာ့ထွက်ရပ်ဂိုဏ်း ကြီးကိုပြောချင်တယ်။ တိုင်းပြည်က သုမနကျောပေါ်မှာကော သုမနရင်ဘတ်မှာကော ဒဏ်ရာတွေချည်းပဲ ပေါများလွန်းလှတယ်။ သွေးမတိတ်တဲ့အနာကို နောက်ထပ်ကျည်ဆန်တွေထပ်ထပ်ပြီး မပစ်ထည့်ပါနဲ့တော့ခင်ဗျာ။

"ကျွန်ုပ်မှာထိုစဉ်အခါက သခင်ပါတီဟု ခေါ်လေ့ရှိကြသောတို့ဗမာအစည်းအရုံးကြီးတွင်ဝင်ရောက်လျက်ရှိရာ ဒုတိယကမ္ဘာစစ် စတင်ဖြစ်ပွားချိန်၌ ကျွန်ုပ်သည်တို့ဗမာအစည်းအရုံး၏ဌာနချုပ်အထွေထွေအတွင်းရေးမှူးဖြစ်နေလေသည်။ ဗမာပြည်တွင်းအခြေအနေ၊ ကမ္ဘာ့အခြေအနေများကို လေ့လာသုံးသပ်ကြည့်ပြီးနောက် ကျွန်ုပ်တို့သည်ဗမာပြည်၏ ကျွန်ဘဝမှလွတ်မြောက်ရေးကို တစ်ကယ်တမ်းလိုလားသူ ပုဂ္ဂိုလ်ပေါင်းစုံ၊ ပါတီပေါင်းစုံ၊ စုပေါင်းပါဝင်သည့် (ဗမာ့ထွက်ရပ်ဂိုဏ်းကြီး)ကို ဖွဲ့စည်းတည်ထောင်ရန် ဆုံးဖြတ်ခဲ့ကြလေသည်။ ကျွန်ုပ်မှာ အဆိုပါ(ထွက်ရပ်ဂိုဏ်းကြီး)၏ အထွေထွေအတွင်းရေးမှူးအဖြစ်လည်း ဆောင်ရွက်ခဲ့ရပေသည်။ ဗမာ့ထွက်ရပ်ဂိုဏ်းကြီး၏ ရည်ရွယ်ချက်မှာ "ဒီမိုကရေစီနှင့်လွတ်လပ်ရေး" ပင်ဖြစ် ၍ ဗြိတိန်ပြည်၏စစ်မက်တိုက်ခိုက်ရခြင်း ရည်ရွယ်ချက်နှင့် တူညီလျက်ရှိပေ၏။ ထို့ကြောင့် ကျွန်ုပ်တို့က ဗြိတိသျှတို့နှင့် လက်တွဲ၍ဒီမိုကရေစီလွတ်လပ်ရေးအတွက် စစ်ပွဲတွင် ဝင်ရောက်အားပေးရန် ဝန်မလေးပါ။ သို့သော် ဒီမိုကရေစီနှင့် လွတ်လပ်ရေးကို အပြောသာမဟုတ်။ အလုပ်တွင်လည်း လက်တွေ့ပြသရန်လိုသည်။ ထို့ကြောင့် ဒီမိုကရေစီလွတ်လပ်ရေးကြေညာချက်မှုကို ကျွန်ုပ်တို့(ဗမာနိုင်ငံ)အဖို့လည်း အကျုံးဝင်ကြောင်း ကြေညာကတိပြုပါ။ ဒါမှ ကမ္ဘာ့စစ်ပွဲသို့ ကျွန်ုပ်တို့ဝင်ရောက်ရေးမှာ အဓိပ္ပာယ်ပြည့်စုံမည် စသည်ဖြင့် တောင်းဆိုခဲ့လေသည်။ ထို့အပြင် ကျွန်ုပ်တို့ဗမာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် အခြေခံအုပ်ချုပ်ပုံစည်းမျဉ်းဥပဒေရေးဆွဲရန် တိုင်းပြည်ပြုလွှတ်တော်ကိုလည်းဖွဲ့စည်းပေးရန် တောင်းဆိုခဲ့လေသည်။ ထိုစဉ်အခါက ဗမာနိုင်ငံသာမက အိန္ဒိယပြည်၏လွှတ်တော်များက အထက်ပါတောင်းဆိုချက်များအတိုင်းအဆိုတင် သွင်းဆုံးဖြတ်ခဲ့လေသည်။ သို့သော် ဗြိတိသျှတို့ကား ကျွန်ုပ်တို့၏ တောင်းဆိုချက်ဆန္ဒပြုချက်များကို လုံးဝအရေးမယူဂရုမစိုက်ခဲ့ချေ။"

"ကျွန်ုပ်တို့သည် နယ်ချဲ့ဆန့်ကျင်ရေးနှင့် နယ်ချဲ့စစ်ပွဲဆန့်ကျင်ရေးလှုံ့ဆော်မှုလှုပ်ရှားခြင်းတစ်ရပ်ကို အတိအလင်းစည်းရုံးဆောင်ရွက်ခဲ့ကြသည်။ သို့နှင့်ပင် ဒုတိယကမ္ဘာစစ်ကြီးသည် ၁၉၃၉ ခုနှစ်၌ ဥရောပတိုက်တွင် စတင်ဖြစ်ပွားခဲ့လေတော့သည်။ ဗြိတိသျှနယ်ချဲ့သမားတို့ကား ဒီမိုကရေစီလွတ်လပ်မှုအတွက် စစ်ပွဲကို တိုက်ခိုက်နေရပါသည်ဟု ကမ္ဘာသို့ကျယ်လောင်စွာ ကြွေးကြော်သော်လည်း ဗမာနိုင်ငံ၌ ဒီမိုကရေစီလွတ်လပ်မှုကို လက်တွေ့ကျင့်သုံးမှုမရှိသဖြင့် ကျွန်ုပ်တို့တတွေလည်း စစ်ဖြစ်လျှင်ဖြစ်ချင်း နယ်ချဲ့ဆန့်ကျင်ရေးနှင့် နယ်ချဲ့စစ်ပွဲဆန့်ကျင်ရေးလှုံ့ဆော်မှုများကို အပြင်းအထန်စည်းရုံးလုပ်ကိုင်ခဲ့ကြလေသည်။ (တို့ဗမာတွေ၊ ထောင်ထဲဝင်ရပြီ)ထိုအချိန်က ကျွန်ုပ်တို့တစ်စုသာလျှင် ဗမာပြည်၌ တစ်ခုတည်းသော ဖက်ဆစ်ဆန့်ကျင်ရေး လက်ဝဲသမားအုပ်စုဖြစ်ခဲ့လေသည်။ (မှတ်ချက်။ ။ ဂျပန်သို့ သခင်အောင်ဆန်းတို့ မရောက်သေးပါ။)ဤအချက်အရ ကျွန်ုပ်ရှင်းပြရခြင်းကား စစ်ကြိုခေတ်ဗမာနိုင်ငံ၏ ဖက်ဆစ်ဆန့်ကျင်ရေးနှင့် လက်ဝဲဝါဒဖြန့်မှုအနည်းငယ်ရှိသည်ကို ကျွန်ုပ်တို့အစုကသာ လှုံ့ဆော်ဖြန့်ချိခဲ့ကြောင်းနှင့် နိုင်ငံခြား(တရုတ်ပြည်နှင့် စပိန်ပြည်)တွင်ဖက်ဆစ် ဝါဒထိုးဖောက်ကျူးကျော်နေသည်ကို အပြင်းအထန်ရှုတ်ချသည့် ဝါဒဖြန့်လှုံ့ဆော်မှု၊ ကြွေးကြော်မှုများကို ကျွန်ုပ်တို့ကသာ ဦးစီးဆောင်ရွက်ခဲ့ကြောင်း ဖော်ပြလို၍ဖြစ်လေသည်။ ထိုအချိန်ကဗြိတိသျှနယ်ချဲ့စနစ်မှာ တိုက်ရိုက်သို့မဟုတ်သွယ်ဝိုက်၍ ဖက်ဆစ်ဝါဒကို အားပေးထောက်ခံခဲ့ကြောင်း အားလုံးအသိဖြစ်ပါလိမ့်မည်။ များမကြာမီကျွန်ုပ်ကိုပါ ဗြိတိသျှအစိုးရက ဖမ်းဆီးချုပ်နှောင်တော့မည်ဟု သတင်းကို အတိအကျကြားရတော့သည်။ ကျွန်ုပ်အဖို့မှာ အဖမ်းခံပြီး ထောင်ထဲသွားနေ၍ အကျိုးရှိနိုင်မည်မဟုတ်ဟု ယူဆလျက် ကိုယ်ရောင်ဖျောက်ကာ မြေအောက်သို့လျှိုးသွားခဲ့ရလေသည်။ ထိုအခိုက်တွင် မမျှော်လင့်သော အကြောင်းတစ်ရပ်သည် ရှောင်တခင်ပေါ်ပေါက်၍လာလေသည်။ ဗမာ့ထွက်ရပ်ဂိုဏ်းကြီးတွင်ပါဝင် ဆောင်ရွက်လျက်ရှိသော ဒေါက်တာဘမော်(ယခုမဟာဗမာ)နှင့် ဒေါက်တာသိမ်းမောင် (ကွယ်လွန်သူ)တို့ကအကယ်၍ အလိုရှိပါကကျွန်ုပ်တို့သည် ဂျပန်၏အကူအညီကိုရရှိနိုင်ကြောင်း သတင်းပေးကြလေသည်။ ကျွန်ုပ်တို့ လူသိုက်လည်း ချက်ချင်းလိုပင် စုရုံးစည်းဝေးကာ ဂျပန်အကူအညီကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးတိုင်ပင်ကြလေသည်။"

ကဲ ဒုတိယကမ္ဘာစစ်ထဲကို ဗမာပြည်က အင်္ဂလိပ်နဲ့လက်တွဲမယ်လို့ဆိုပြီးမှ ဒီမိုကရေစီနဲ့လွတ်လပ်ရေးကို အော်ပြီးမှ အင်္ဂလိပ်ငြင်းဆန်တာခံလိုက်ရတယ်။ ဖက်ဆစ်ဆန့်ကျင်ရေးလက်ဝဲသမားအုပ်စု ဖြစ်ပြီးမှ နယ်ချဲ့ ဆန့်ကျင်ရေး၊ နယ်ချဲ့စစ်ပွဲ ဆန့်ကျင်ရေးအော်ပြီ။ ရဲဘော်သုံးကျိပ်ကို ဖွဲ့ခဲ့ရတယ်။ လွတ်လပ်ရေးကို ခံမင်တပ်မက်တဲ့ နိုင်ငံရေးသမားကြီးကို လွန်ခဲ့တဲ့နှစ်ပေါင်း ၇၀ လောက်က ကြိုးတင်ပြီး ပြောခွင့်မရခဲ့တာ ခုတစ်ကြိမ်မှာပြောဖို့ အခွင့်အရေးကြုံလာပြီ။ မပစ်နဲ့ ဒါဟာ ပြည်ထောင်စုဖြစ်တယ်။ ပြည်ထောင်စုကမင်းဒင် တို့အားလုံးထက် တန်ဖိုးရှိတဲ့အရာ။

♦ အရေးတော်ပုံတပ်သားမင်းဒင် ♦

www.free4readers.com

# ယ့် လူစားမျိုးတွေလား
# ယ့်လူစားမျိုးတွေလား”

ဗိုလ်ချုပ်အောင်ဆန်း(၁၃-၇-၁၉၄၇ နောက်ဆုံးမိန့်ခွန်း)




ကုလသမဂ္ဂကို OIC ခေါ် မွတ်ဆလင်နိုင်ငံများအဖွဲ့ချုပ်က လွှမ်းမိုးကြိုးကိုင်ထားသည်ကို ပုံဖော်ရေးဆွဲထားသည့်ကာတွန်း။

ကိုယ့်ပြည်သူ၊ ကိုယ့်အကျိုးစီးပွားကိုပဲ အလေးထားတာပါ။ ၂၀၀၈ ခုနှစ် ဘဏ္ဍာရေးပျက်ကပ် အလွန်ကနေ လက်ရှိအချိန်အထိ ကမ္ဘာကြီးမှာ ဒီမိုကရေစီဆိုတာ ရေပန်းမစားတော့ပါဘူး။ လစ်ဘရယ်ဆိုတာ စိတ်ကူးယဉ်ကြောင်တွေအဖြစ် သတ်မှတ်လာခဲ့ကြပါပြီ။ အင်အားကြီးနိုင်ငံကြီးတွေ၊ အနောက်နိုင်ငံကြီးတွေဆိုရင် လူသိထင်ရှားသာ ထုတ်မပြောတာ ပြည်တွင်းမှာ တင်းကျပ်ရေးနဲ့ အကျိုးစီးပွားကာကွယ်ရေးတွေကို အုံနဲ့ကျင်းနဲ့ ချနေကြပါပြီ။ သူတို့ ပြည်တွင်းမီဒီယာတွေက ဒါမျိုးတွေကို ဟိုက်လိုက် မလုပ်ပါဘူး။

Democracy is in Crisis, Democracy Recession စသဖြင့် အမျိုးမျိုး ကင်ပွန်းတပ်နေကြပေမယ့် ကမ္ဘာကြီးမှာ အကျိုးစီးပွား ဦးစားပေးမူဝါဒတွေ ချနေကြတာပါ။ ကုလသမဂ္ဂအဖွဲ့ကြီးမှာရှိတဲ့ အဖွဲ့အစည်းတွေအားလုံးဟာလည်း ရတဲ့ဘတ်ဂျက်က ဝန်ထမ်းလစာနဲ့ ရုံးလုပ်ငန်းအသုံးစရိတ် မနည်းမိအောင် လုပ်နေရချိန်မှာ အလှူရှင်တွေ၊ အလှူရှင်တွေရဲ့ ငွေကြေးတွေသာ မှီခိုအားထားရာဖြစ်နေတာ သိကြဖို့ လိုပါတယ်။ လူ့အခွင့်အရေးဆိုတဲ့ခေါင်းစဉ်က အရင်က ကွန်မြူနစ်နိုင်ငံတွေကို ဖိအားပေးဖို့၊ နိုင်ငံရေးအပြောင်းအလဲတွေ ဖန်တီးဖို့ ပရိုမိုးရှင်းလုပ်ခဲ့ကြတယ်။ ဒီမိုကရေစီတင်ပို့ရေးလုပ်ခဲ့ကြတယ်။

ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲသွားတော့ The End of History သမိုင်းနိဂုံးဆိုပြီး လစ်ဘရယ်တစ်ခေတ် ဆန်းသစ်ချေပြီ ဆိုပြီးတော့ လက်ခမောင်းခတ်၊ ကြွေးကြော်ခဲ့ကြတယ်။ အခု လက်ရှိ ကမ္ဘာကြီးဟာ (၁) ၂၀၀၈ ဘဏ္ဍာရေး အကျပ်အတည်းအလွန် စီးပွားရေး၊ (၂) ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ နောက်တစ်ဆင့် ကမ္ဘာလုံးဆိုင်ရာ ဒစ်ဂျစ်တယ်လိုက်ဇေးရှင်းတို့ကြောင့် ဒီမိုကရေစီဟာ ရေပန်းမစားတော့ပါဘူး။ လက်ယာယိမ်းဝါဒီတွေ ခေါင်းထောင်လာပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ဘယ်နိုင်ငံကြီးတွေကမှ စိတ်မဝင်စားတော့ပါဘူး။ အမေရိကန်သံအမတ်ကြီးပြောသလို မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးက မြန်မာနိုင်ငံရဲ့ကိစ္စ ဖြစ်နေတဲ့ သဘောပါပဲ။ ကမ္ဘာတစ်ဝန်းလုံးမှာ ဒီမိုကရေစီ ပရိုမိုးရှင်းတွေ လုပ်ခဲ့ပြီးတော့ အခုနောက်ပိုင်းမှာတော့ ဒီမိုကရေစီအရေးဟာ စိတ်ဝင်စားစရာ မကောင်းတော့ပါဘူး။

xxx

## နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာနဲ့ R2P

R2P ဆိုတာ နိုင်ငံတစ်နိုင်ငံအနေနဲ့ သူ့ရဲ့ ပြည်သူတွေကို Genocide၊ War crimes၊ Ethnic cleansing နဲ့ Crimes against humanity တွေ ပြုလုပ်တာကို ကာကွယ်နိုင်စွမ်းမရှိတဲ့အခါ၊ သက်ဆိုင်ရာ အစိုးရက ကာကွယ်မပေးဘူးလို့ ထင်ရှားတဲ့အခါ နိုင်ငံတကာက ဝင်ရောက်ကြားဝင်ဆောင်ရွက်ပေးရမယ်ဆိုတာပါပဲ။

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း ဝင်ရောက်စဉ်ကလည်း လုံခြုံရေးကောင်စီမှာ မြန်မာနိုင်ငံကို R2P နဲ့ ဝင်ဖို့ ပြင်သစ်က အဆိုတင်ပါတယ်။ မြန်မာ့ပင်လယ်ပြင်ရဲ့ ကပ်လျက် နိုင်ငံတကာရေပြင်မှာ ပြင်သစ်စစ်သင်္ဘော၊ အင်္ဂလိပ်စစ်သင်္ဘောနဲ့ အမေရိကန်စစ်သင်္ဘောတွေ ရောက်နေခဲ့ပါတယ်။ R2P ခေါင်းစဉ်နဲ့ Humanitarian Intervention ဝင်ဖို့ ဖြစ်ပါတယ်။ အဲဒီမှာ R2P အယူအဆကို အသေးစိတ် ဆွေးနွေးခဲ့ကြပါတယ်။

(၁) R2P ဟာ နိုင်ငံတကာဥပဒေ၊ ကွန်ဗင်းရှင်းမဟုတ်တဲ့အတွက် ဥပဒေကြောင်းအရ စည်းနှောင်မှု မရှိပါဘူး။

(၂) R2P ကျင့်သုံးဖို့ အားလုံးသဘောတူ လက်ခံထားတဲ့ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း မရှိသေးပါဘူး။ အယူအဆအနေနဲ့တော့ အများက လက်ခံထားကြပါတယ်။

(၃) သက်ဆိုင်ရာနိုင်ငံရဲ့ မူဝါဒ သဘောထား အရေးကြီးပါတယ်။

နာဂစ်မုန်တိုင်းကိစ္စမှာ R2P ဝင်သင့် မဝင်သင့် ဆွေးနွေးတဲ့အခါမှာ -

(၁) သက်ဆိုင်ရာ အစိုးရက Humanitarian Assistance တွေ ထောက်ပံ့မှု မရှိဘူးလား ဆိုတော့ ရှိနေပြန်ပါတယ်။

(၂) သက်ဆိုင်ရာ နိုင်ငံက နိုင်ငံတကာ အကူအညီ လက်မခံဘူးလား ဆိုတော့ လက်ခံပါတယ်။

(၃) သက်ဆိုင်ရာအစိုးရက ကျွန်တော်တို့ မနိုင်တော့ပါဘူး၊ နိုင်ငံတကာက ဝင်လုပ်ပေးပါတော့ ဆိုပြီး ထုတ်ဖော်တောင်းခံသလား ဆိုပြန်တော့ မဟုတ်ပြန်ပါဘူး။

အဲဒီတုန်းက R2P ဟာ ဆက်လက်ဆွေးနွေးမြှင့်တင်ရဦးမယ့် အယူအဆ တစ်ခုဖြစ်တယ် ဆိုတာနဲ့ ပြင်သစ်ရဲ့ လုံခြုံရေးကောင်စီကို တောင်းဆိုချက်ဟာ မအောင်မြင်ခဲ့ပါဘူး။

ဒါပေမယ့် ကုလသမဂ္ဂစနစ်မှာ R2P ပဲဖြစ်ဖြစ်၊ R2 r P ပဲဖြစ်ဖြစ် လုံခြုံရေးကောင်စီက သဘောတူရင် ဘယ်နိုင်ငံကိုမဆို UN တပ်တွေ ဝင်နိုင်ပါတယ်။ လုံခြုံရေးကောင်စီမှာ P5 ငါးနိုင်ငံ(အမေရိကန်၊ အင်္ဂလိပ်၊ ရုရှ၊ ပြင်သစ်နဲ့ တရုတ်) တစ်နိုင်ငံချင်းစီမှာ ဗီတိုပါဝါ ရှိပါတယ်။ P5 ငါးနိုင်ငံလုံးက သဘောတူရင်တော့ R2P ခေါင်းစဉ်နဲ့လာနိုင်ပါတယ်။ ဥပမာ လစ်ဗျားကို ၂၀၁၁ ခုနှစ်က တပ်တွေဝင်ပြီး No-Fly Zone ထူထောင်ပြီး ကဒါဖီကို ဖြုတ်ချခဲ့တာ လုံခြုံရေးကောင်စီရဲ့ သဘောတူဆုံးဖြတ်ချက်နဲ့ ဖြစ်ပါတယ်။ အမှန်တော့ R2P မျက်နှာဖုံးတပ်ထားတဲ့ Regime Change လုပ်တာပဲ ဖြစ်ပါတယ်။

လုံခြုံရေးကောင်စီမှာ မြန်မာကို Genocide၊ Ethnic cleansing စတဲ့ စွဲချက်တွေ တင်ခဲ့တာက အင်္ဂလိပ်တွေ ဖြစ်ပါတယ်။ ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးကလည်း မီးလောင်မြေက စက်ဘီးတစ်စီး ကိုယ်ထည်ကိုကိုင်မြှောက်ပြီး ရှေ့ဖြစ်၊ နောက်ဖြစ် အကုန်သိသလို ကောက်ချက်ချခဲ့ပါတယ်။ ရွှေတိဂုံဘုရားပေါ်မှာ The Road to Mandalay ကဗျာစာသားတွေ ရွတ်ခဲ့ပါတယ်။ အင်္ဂလိပ်တွေက ဒီကနေ့အထိ မြန်မာနိုင်ငံကို သူတို့ လက်အောက်က ကျွန်အဖြစ် မြင်နေတာစိတ်ပျက်စရာပါ။ အမှန်တော့ စစ်တကောင်းက မူဆလင်တွေကို ဗြိတိသျှတွေက ခေါ်လာခဲ့တာပါ။ ၁၉၃၇ ခွဲရေး၊ တွဲရေးကတည်းက ဖြစ်ပါတယ်။ ဒီနေ့ဆိုရင် မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့တဲ့ နှစ်(၇၀)ကျော်ခဲ့ပါပြီ။ ဒါကိုလည်း ဗြိတိသျှမျက်နှာဖြူတွေ တစ်ခါတစ်ခါမှာ မေ့လျော့နေပုံရပါတယ်။ ပြီးတော့ မြန်မာနိုင်ငံရဲ့ ပြည်တွင်းစစ်နှစ်(၇၀)ကျော်ခဲ့တာဟာလည်း ဗြိတိသျှတွေ အမွေထားရစ်ခဲ့တာပါပဲ။ ရေနံတွင်းတွေကို မီးတွေရှို့ခဲ့တယ်။ တံတားတွေ ဖျက်ခဲ့တယ်။ အခုထိလည်း မြန်မာကို လက်အောက်ခံနိုင်ငံတစ်နိုင်ငံလို သဘောထားပြီး အမိန့်တွေ ပေးနေတုန်းပါပဲ။ ဒါတောင် ဗိုလ်ချုပ်အောင်ဆန်းက ဓနသဟာယထဲမဝင်ခဲ့ဘဲ လုံးဝ လွတ်လပ်ရေး ယူခဲ့လို့။

## ရခိုင်ကိစ္စသည် အချုပ်အခြာအာဏာကိစ္စ ဖြစ်

ရခိုင်မြောက်ပိုင်း ဖြစ်စဉ်တွေ ဘာဖြစ်လို့ ဖြစ်လာသလဲ။ ARSA အကြမ်းဖက်သမားတွေက စတင်ပြီး အကြမ်းဖက်တိုက်ခိုက်မှုတွေ လုပ်ခဲ့တာပါ။ ဒီတနေ့ ကမ္ဘာ့နိုင်ငံတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ပါးစပ်ဖျားမှာ ဒီဖြစ်စဉ် မရှိတော့ပါဘူး။

အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဘယ်သူတွေ သေခဲ့သလဲ။ ARSA အကြမ်းဖက်သမားတွေက မြို့တွေ၊ ဒိုင်းနက်တွေ၊ ရခိုင်တွေနဲ့ ဟိန္ဒူဘာသာဝင်တွေကို အကြမ်းဖက် သတ်ဖြတ်ခဲ့တယ်။

အထောက်အထားတွေ မရှိဘူးလား။ ရှိတာပေါ့။ အသက်ရှင်ကျန်ရစ်သူတွေ ပြောကြားချက်အရ တူးဖော်ရရှိခဲ့တဲ့ ဟိန္ဒူရုပ်အလောင်းတွေ၊ တစ်ဖက် ဘင်္ဂလားဒေ့ရှ်ကို ခေါ်သွားပြီး အတင်းအဓမ္မ ဘာသာပြောင်းခိုင်း၊ မယားလုပ်ခိုင်းတာတွေ ရှိတာပေါ့။ ဒါတွေကို နိုင်ငံတကာက မသိချင်ယောင်ဆောင်နေတယ်။

လုံခြုံရေးတပ်ဖွဲ့ဝင်တွေဘက်က ချိုးဖောက်မှုတွေ ရှိသလား၊ အရေးမယူဘူးလား။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ချိုးဖောက်မှုတွေ ရှိရင်၊ သက်သေအထောက်အထား ခိုင်လုံရင် ထိထိရောက်ရောက် အရေးယူမှုတွေ လုပ်နေတယ်။ ဒါက အပေါ်ကညွှန်ကြားလို့ မဟုတ်ပေမယ့် မြေပြင်မှာ ဖြစ်လာရင် တာဝန်ရှိသူ အဆင့်ဆင့်အားလုံးကို အရေးယူမှုတွေ လုပ်နေတယ်။ (သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူတွေကိုယ်တိုင်က ဒီလို ချိုးဖောက်မှုတွေ လုံးဝ လက်မခံတာ)

ဒါပေမယ့် မြန်မာ့ပေါ်လစီက မျက်စိစုံမှိတ်မငြင်းဘဲ လက်တွေ့ တိုးတက်မှုတွေနဲ့ ချေဖျက်ဖို့ဆိုတော့ အချိန်ယူရတယ်။ ဘက်စုံမီဒီယာတွေက တောက်လျှောက် အော်နေသလို မအော်နိုင်ဘူး။ ဒီတော့ ဝေဖန်မှုတွေကပဲ အုံနဲ့ကျင်းနဲ့ ဖုံးထားတယ်။ ဂူးဂဲလ်မှာ ခေါက်ပြီး ရှာရင် သူတို့ Narrative တွေ တက်လာအောင်၊ Social Media မှာ ရှာရင် သူတို့ Story တွေ တက်လာအောင် ငွေကြေး၊ နည်းပညာ ပံ့အောပြီး ချနေကြတာတွေကို ချေဖျက်ဖို့ ခက်ခဲတာလည်း အမှန်ပါ။ တစ်ဖက်မှာလည်း အဓိကကျတဲ့ ဘင်္ဂလားဒေ့ရှ်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ အကြမ်းဖက်သမားတွေအတွက် ဘင်္ဂလားနယ်စပ်မှာ Safe House မဖြစ်လာဖို့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှ အောင်မြင်နိုင်မှာပါ။

အခု နောက်ဆုံး R2P နဲ့ဝင်လာမယ့် အရေးကြီးဆိုကြောင်း စည်းရုံးရေးသားနေသူတွေကို အဓိကထား ရှင်းပြချင်ပါတယ်။ R2P ဟာ အချုပ်အခြာအာဏာ ဆုံးရှုံးမှုနဲ့ တိုင်းပြည် ပိုင်နက်နယ်မြေ ဆုံးရှုံးမှုကို ကိုယ်စားပြုပါတယ်။ အဲဒါကလည်း တပ်မတော် တစ်ခုတည်းပေါ်မှာ သက်ရောက်မှာ မဟုတ်ပါဘူး။ အဲဒီအချိန် အဲဒီကာလမှာ အုပ်ချုပ်ခဲ့တဲ့ အစိုးရအပေါ်မှာလည်း သက်ရောက်မှုရှိမှာပါ။ အဲဒါတွေက နောင်လာနောက်သားတွေအတွက် သမိုင်းတရားခံ ဖြစ်လာမှာပါ။

မြန်မာနိုင်ငံဟာ လွတ်လပ်ရေး ရရှိခဲ့တာ နှစ်(၇၀)ကျော်ခဲ့ပါပြီ။ နိုင်ငံတကာ အသိုင်းအဝိုင်းနဲ့ သင့်မြတ်အောင် နေထိုင်ရာမှာ မိမိနိုင်ငံရဲ့ အချုပ်အခြာအာဏာ ထိပါးခံ၊ ဆုံးရှုံးခံမှာ မဟုတ်ပါဘူး။ နောက်ဆုံးအနေနဲ့ လွတ်လပ်ရေးခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိန့်ခွန်းကောက်နုတ်ချက်တွေကို အလေးအနက် ဖော်ပြပေးလိုက်ရပါတယ်။

**‘ဗမာတွေလမ်းနှစ်ခွရောက်နေပြီ၊ တွေဝေနေလို့ မဖြစ်တော့ဘူး၊ ချီတုံချတုံဖြစ်နေလို့ မဖြစ်တော့ဘူး၊ ကိုယ်ယုံကြည်တာကို မလုပ်ရလို့ မဖြစ်တော့ဘူး။ နိုင်ငံရေးလုပ်တယ်ဆိုတာ ကြောက်လွဲ ရဲမင်းဖြစ်ဆိုတဲ့အတိုင်း ရဲနိုင်မှဖြစ်မယ်၊ ကျနော်တို့တော့ ရှေ့အဖို့ကို ရဲရဲကြီးလုပ်တော့မယ်၊ ဖြတ်ဖြတ်သားသားလုပ်တော့မယ်၊ ကျနော်တို့တစ်တွေ ဟိုအကြောင်းထောက်၊ ဒီအကြောင်းထောက်ပြီး ချီတုံချတုံ ဖြစ်နေမှုကြောင့် လူထုမှနစ်နာစေချင်တော့ဘူး။’** ( ၅ . ၄ . ၁၉၄၇ အသံလွှင့်ချက် )

**‘ကျုပ်တို့တာ ဘယ်လိုလူစားတွေလဲ၊ ရာဇဝင်မှာ အရေးခံမယ့် လူစားမျိုးတွေလား၊ ရာဇဝင်မှာ အဆဲခံမယ့်လူစားမျိုးတွေလားဆိုတာ ခင်ဗျားတို့ကိုယ်တိုင်သိပါလိမ့်မယ်။’** ( ၁၃ -၇ - ၁၉၄၇ မြို့တော်ခန်းမ၊ ဗိုလ်ချုပ် နောက်ဆုံးပြောကြားခဲ့သော မိန့်ခွန်း)

ဗိုလ်ချုပ်အောင်ဆန်း လွတ်လပ်ရေးအရယူပေးခဲ့ပြီး တည်ဆောက်ပေးခဲ့တဲ့ ဒီမြန်မာနိုင်ငံကို သူ့သမီး လက်ထက်မှာ ဖဲ့ပေးခဲ့ရတာမျိုး ဘယ်တော့မှ အဖြစ်ခံမှာ မဟုတ်ပါဘူး။ မြန်မာနိုင်ငံကို ချစ်မြတ်နိုးတဲ့၊ မြန်မာနိုင်ငံမှာ မှီတင်းနေထိုင်တဲ့၊ မှီတင်းနေထိုင်ခဲ့တဲ့ ဘယ်သူကမှ လက်ခံမှာ မဟုတ်ဘူးဆိုတာကိုလည်း အခိုင်အမာယုံကြည်ထားပါတယ်။

မှူးဇော် (၃-၃-၂၀၁၈၊ ညနေ ၅:၃၄)

Credit to: Zaw Htay ဖေ့ဘွတ်ခ်အကောင့်မှ ကူးယူဖော်ပြပါသည်။

www.free4readers.com

# ဗုဒ္ဓသာသနာတော်တည်တံ့မှ မြန်မာနိုင်ငံတော်အဓွန့်ရှည်မည်

သမ္မတဦးထင်ကျော်မှ တောင်သူလယ်သမားနေ့တွင် တောင်သူများကို ဂုဏ်ပြုစကားပြော

ပုဂံဘုရားအမှတ် (၁၀၆၆) မိုးမရွာလေမတိုက် ငလျင်မလှုပ်ဘဲ ဘုရားကြီးတစ်ဆူလုံးနီးပါး ပြိုကျ

၄-၃-၂၀၁၈

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ဒုတိယအကြိမ် နိုင်ငံလုံးဆိုင်ရာလူငယ်ညီလာခံအား သင်္ကြန်မတိုင်ခင် ကျင်းပမည်

၂-၃-၂၀၁







အစိုးရဆေးရုံများနှင့် ပုဂ္ဂလိကဆေးရုံများ ပေါင်းစပ်ကြရန် စဉ်းစားရတော့မည့် အချိန်ကိုရောက်ရှိပြီဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ပြောကြား

မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်သည် ကမ္ဘာပေါ်တွင် အရှုပ်ထွေးဆုံးဟု အမေရိကန်သံအမတ်ပြော

၄-၃-၂၀၁၈

နှစ်နိုင်ငံသဘောတူညီမှုအရ ဘင်္ဂါလီဒုက္ခသည်စာရင်းတွင် အချက်အလက်များ လိုအပ်နေဟု မြန်မာတာဝန်ရှိသူများဆို

၂-၃-၂







ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း အကြမ်းဖက်သမားများကို ထောက်ပံ့ကူညီပေးခဲ့သည့် ရှိုင်းဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးအောင်ဇော်ဝင်းကို ရန်ကုန်လေဆိပ်၌ ဖမ်းဆီးရမိ

လူ့အခွင့်အရေးစုံစမ်းမည့်ကုလသမဂ္ဂနှင့် ပူးပေါင်းမည် မဟုတ်ဟု ဒူတာတေး ပြော

၃-၃-၂၀၁၈

၂၀၁၈ ထိုင်းနိုင်ငံ၏ရွေးကောက်ပွဲအတွက် ပါတီများမှတ်ပုံတင်ခွင့် စတင်လက်ခံ

၃-၃-၂၀၁








တရုတ်က ပိုမိုကြီးမားသည့် လေယာဉ်တင် သင်္ဘောများ တည်ဆောက်ရန် အသင့်ဖြစ်နေကြောင်း ကြွေးကြော်

၃-၃-၂၀၁၈

အီဂျစ်နိုင်ငံမှ နှစ်ပေါင်း (၅,၀၀၀) သက်တမ်းရှိသော မမ်မီရုပ်အလောင်း နှစ်ခုတွင် ကမ္ဘာ့ရှေးအကျဆုံးတက်တူးများ တွေ့ရှိ

မြန်မာနိုင်ငံကို ဒုတိယဘိန်းစိုက်ပျိုးမှုအများဆုံး နိုင်ငံအဖြစ် ကမ္ဘာ့မူးယစ်ဆေးဝါးဆိုင်ရာ အစီရင်ခံစာမှ ဖော်ပြ

၃-၃-၂၀၁







# ၂၁ ရာစု နယ်ချဲ့နိုင်ငံများသည် ငါတို့ပြည်ထောင်စု၏ ဘုံရန်သူဖြစ်၏

ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်း (ငြိမ်းစုစီ) ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးဦး အပါအဝင် ကိုယ်စားလှယ် လေးဦးမှ လွှတ်တော်၌ ကန့်ကွက်ဆွေးနွေး



တက္ကသိုလ်ဝင် စာမေးပွဲ၌ မသမာမှုပြုလုပ်ပါက စာမေးပွဲဖြေခွင့် နှစ်နှစ် ပယ်ဖျက်မည်

၆-၃-၂၀၁၈






ရွှေ့ပြောင်း မြန်မာကျောင်းသား (၃၉) ဦး ထိုင်းနိုင်ငံတွင် (၁၀) နှစ်ခံနေထိုင်ခွင့် လက်မှတ်ရရှိ ၅-၃-၂၀၁၈



အီရတ်အာဏာရှင်ဟောင်း ဆက်ဒမ်ဟူစိန်နှင့် သူ့လက်အောက် အရာရှိ (၄၂၀၀) ကျော်တို့၏ ပိုင်ဆိုင်မှုများကို သိမ်းယူရန် အီရတ်အစိုးရ အမိန့်ထုတ်ပြန် ၅-၃-၂၀၁၈



မိုးကုတ်မြို့နှစ် (၈၀၀) ပြည့် ဗဟိုတရားပွဲမဏ္ဍပ် ပြိုကျမှုဖြစ်ပွားခဲ့ ၅-၃-၂၀၁၈



တရုတ်ပြည်လုံးဆိုင်ရာ အမျိုးသားကွန်ဂရက်၌ သမ္မတသက်တမ်း တိုးမြှင့်ရန်နှင့် ဝစ်အသုံးစရိတ် တိုးမြှင့်ရန် ပြင်ဆင် ၆-၃-၂၀၁၈



အာဆီယံ - ဩစတြေးလျ အစည်းအဝေးသို့ ဖိလစ်ပိုင် သမ္မတ ဒူတာတေး မတက်ရောက်ဟု ကြေညာ ၅-၃-၂၀၁၈



နမ့်ခမ်းမြို့ အဝင်မုခ်ဦးနှင့် မြို့လယ်ဘုန်းကြီးကျောင်းတိုက်ဆိုင်းဘုတ်အား တစ်ရက်အတွင်း သစ်တင်ကားသုံးစီးဝင်တိုက်မှုဖြစ်ပွား ၅-၃-၂၀၁၈




တရုတ်ပြည်၏ မတည်မငြိမ်ဖြစ်နေသော ရှင်ကျန်းပြည်နယ်မှ ပါကစ္စတန်အမျိုးသားများနှင့် လက်ထပ်ထားသော တရုတ်အမျိုးသမီးများကို တရုတ်အာဏာပိုင်များက ဖမ်းဆီးထားခြင်းကို လွှတ်ပေးရန် ပါကစ္စတန်အစိုးရမှ တောင်းဆို ၆-၃-၂၀၁၈ (VOA)



ရန်ကုန်မြို့ကို မြန်မာ့ဝေပေးနေသည့် ဂျိုးဖြူရေတွေကို စိမ်းလန်းအမိမြေအသင်း သဘာဝပတ်ဝန်းကျင် စာတ်ခွဲခန်းတွင်စစ်ဆေးရာ မြောက်ဥက္ကလာ၊ သာကေတ၊ တာမွေနဲ့ ဝမ်းချောင်းမြို့နယ်များတွင် ဘက်တီးရီးယားညစ်ညမ်းမှု အများဆုံးဖြစ်ကြောင်း တွေ့ရှိ



မြန်မာပြည်မှ ထွက်ပြေးလာသော ဒုက္ခသည်များ အရေးတွင် အမေရိကန်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ အမြဲရပ်တည် ပြေရှင်းသွားမည်ဟု အမေရိကန်သမ္မတ၏ တောင်အာရှဆိုင်ရာ အထွေထွေအကြံပေးပုဂ္ဂိုလ် မစ္စလီဆာကာတစ်ပြောကြာ



www.free4readers.com

စနေနေ့တိုင်းထုတ်ဝေသည်

# THE SUN RAYS

Vol.1 No.190 WEEKLY NEWS JOURNAL 10th March 2018

# ရာဇဝင်မှာ အရေးခံမလား အဆဲခံမလား



မှူးဇော်

## ရာဇဝင်မှာ အရေးခံမယ့် လူတားမျိုးတွေလား

## ရာဇဝင်မှာ အဆဲခံမယ့်လူတားမျိုးတွေလား

www.free4readers.com

# ငြိမ်းချမ်းရေးကို ရအောင်ယူ ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်

မြန်မာ့ဆန်စပါးနှီးနှောဖလှယ်ပွဲသို့ ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ခဲ့ပြီး ယခုနှစ်တွင် စပါးတင်း (၁၀၀) လျှင် ကျပ်ငါးသိန်းဈေးနှုန်းဖြင့် ဝယ်ယူရန် ထုတ်ပြန်ကြေညာ ၅-၃-၂၀၂၀

အစိုးရသစ်လက်ထက် ပထမဆုံးအကြိမ်ချီးမြှင့်သော 'နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆု' ကို နိုင်ငံတော်သမ္မတ ဦးထင်ကျော်က တစ်နိုင်ငံလုံးတွင် ပထမနေရာမှ (၆) နှစ်ဆက်တိုက်ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့သော ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းအား ဂုဏ်ပြုချီးမြှင့်



ကမ္ဘာ့ ဘယ်နေရာမဆို ပစ်ခတ်နိုင်သည့် ဒုံးကျည် အောင်မြင်စွာစမ်းသပ်ပြီးကြောင်း ရုရှားသမ္မတပူတင် ပြောကြား ၃-၃-၂၀၂၀



ရခိုင်ပြည်နယ်ရှိ ဒုက္ခသည်စခန်းထဲမှ ကမန်အချို့အား ရန်ကုန်သို့ပြောင်းရွှေ့ပေးမည့်အစီအစဉ်ကို ပြန်လည်သုံးသပ်ရန် အဆိုကို ရခိုင်လွှတ်တော်တွင် ဆွေးနွေး ၃-၃-၂၀၂၀



အိန္ဒိယနှင့်မြန်မာကြားရှိ နယ်စပ်ဒေသများတွင် လွတ်လပ်စွာ ဖြတ်သန်းခွင့်ပြုမည့် သဘောတူညီချက် လက်မှတ်ထိုးရန် ပြင်ဆင်နေ ၅-၃-၂၀...



အမေရိကန် ဖလော်ရီဒါပြည်နယ် သဘာဝတောရိုင်းဥယျာဉ်အတွင်း၌ (၁၁) ပေရှည်သည့် မြန်မာ့စပါးအုံးမြွေ တစ်ကောင်မှ သမင်တစ်ကောင်လုံးကို မျိုထားသည်ကိုတွေ့ရ



ဩစတြေးလျနိုင်ငံမှ မြန်မာ့တပ်မတော်ကို လေ့ကျင့်ရေးသင်တန်းပေးမည် ၅-၃-၂၀၂၀



မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းနှ... တောင်ကိုရီးယား အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့... တွေ့ဆုံညစာစား ၅-၃-၂၀...




အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ (၅) ကြိမ်မြောက် အစည်းအဝေးမှ အနိမ့်ဆုံး တစ်နေ့တာလုပ်အားခ ကျပ် (၄၈၀၀) သတ်မှတ်



မန္တလေးတွင် အိမ်အကူ မိန်းကလေးအား အက်ဆစ်ဖြင့် လောင်းပြီး မျက်စိကွယ်အောင် နှိပ်စက်ခဲ့သည့် အိမ်ရှင်များကို ဖမ်းဆီးအရေးယူ



လူသတ်ပြီး ကားလုယက်မှုကျူးလွန်ခဲ့သည့် မြန်မာနိုင်ငံသား တစ်ဦးနှင့် တရုတ်နိုင်ငံသား တစ်ဦးတို့ကို 'ဝ' ဒေသ၌ သေဒဏ်အပြစ်ပေး ၅-၃-၂၀...






